The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ (23-10-2013) (၇၆၄၂)

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ ➤ ၉

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊၄၆/၂၀၁၃)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ (က)တို့ပါပြဋ္ဌာန်းချက်များအရ ရခိုင်ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဒေါ်စီစီအားငှင်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့် ပြုလိုက်သည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ၏ ထောင်စုနှစ်ရည်မှန်းချက် ပြည့်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့လျင်မြန်စွာ ပြောင်းလဲနေသည့် ၂၁ ရာစုခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်မှုသည် ယင်းနိုင်ငံ၏ ပညာရေးအဆင့်အတန်း၊ ဖန်တီးမှုစွမ်းရည်ဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအပေါ် များစွာမူတည်နေပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုနည်းသည့်အတွက် နည်းပညာမှာရော တီထွင်ကြံဆမှုများပါ နောက်ကျကျန်နေသည်နှင့်အမျှ ဖွံ့ဖြိုးမှုနှေးကွေးမည်ဖြစ်ပါကြောင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယနေ့တွင် ပြောကြားခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာ၌ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရှိုင်းထက်ဇော်

မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ ဆီးဂိမ်းရွှေအိပ်မက်ခရီး



၂၀၀၅ဖိလစ်ပိုင် ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ ဆီးဂိမ်းအောင်မြင်မှု အစဟုဆိုရမည်ဖြစ်သည်။ ယခင်နှစ်များက ယှဉ်ပြိုင်ခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲများတွင် ငွေတံဆိပ်သာအမြင့်ဆုံးရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့မှာ ၂၀၀၅ခုနှစ်မှစ၍ ရွှေတံဆိပ်များ ရယူနိုင်ခဲ့ပေသည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့မှာလည်း (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်ရယူပေးနိုင်မည့်အားကစားအဖွဲ့လည်းဖြစ်သည်။ဆီးဂိမ်းပြိုင်ပွဲတွင် ပိုက်ကျော်ခြင်းအားကစားနည်း၌ နှစ်ယောက်တွဲပြိုင်ပွဲ၊ သုံးယောက်တွဲ ပြိုင်ပွဲ၊ ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲနှင့် အသင်းလိုက်ပြိုင်ပွဲ စုစုပေါင်းပြိုင်ပွဲအမျိုးအစား ၁၀ မျိုးထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် ၂၀၁၂ ခုနှစ် ကတည်းက လေ့ကျင့်မှုများ ပြုလုပ်ခဲ့သော်လည်း နိုင်ငံတကာ ပြိုင်ပွဲများကို ၂၀၁၃ ခုနှစ်ကျမှ စတင်ယှဉ်ပြိုင်ခဲ့သည်။ မလေးရှား ငါးနိုင်ငံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲ အပြီးတွင် အရှေ့တောင်အာရှဒေသတွင်း၏ အဆင့်မြင့်ပြိုင်ပွဲတစ်ခုဖြစ်သည့် ထိုင်းဘုရင့်ဖလား ပြိုင်ပွဲကို မြန်မာပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာအသင်းမှာရွှေတံဆိပ်နှင့် လွဲချော်ခဲ့သော်လည်း ငွေသုံးခု၊ ကြေး နှစ်ခုဆွတ်ခူးရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအဖွဲ့မှာ ဆီးဂိမ်းပြိုင်ပွဲအတွက် နောက်ဆုံးပြင်ဆင်သည့် အနေဖြင့် ဆီးဂိမ်းအကြိုအာဆီယံဖိတ်ခေါ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောက်တိုဘာ ၆ ရက်မှ ၉ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပခဲ့သည်။ အိမ်ရှင်မြန်မာအပါအဝင် မလေးရှား၊ ကမ္ဘောဒီးယားတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာအသင်းက နှစ်ယောက်တွဲပြိုင်ပွဲများတွင် ရွှေတံဆိပ်ရယူနိုင်ခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် လက်ရှိတွင် ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၇ ဦးကိုရွေးချယ်ကာအပြီးသတ်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

၂၀၁၁ခုနှစ် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုသာရယူနိုင်ခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအဖွဲ့၏ (၂၇) ကြိမ်မြောက် ဆီးဂိမ်းရွှေအိပ်မက်ခရီးက - - - - -။

မာတိကာ

လူသားအကျိုးပြုလမ်း
စာမျက်နှာ - ၂
• • • • • • • • •
ဆေးပညာ သတင်းဆန်းများ (၅၀)
စာမျက်နှာ - ၆
• • • • • • • • •
ပညာဥယျာဉ်တစ်ခု မျှော်ပုံတွင် ဖွင့်လှစ်
စာမျက်နှာ - ၁၀

ကြေးမုံ စာတည်းရှေ့ထောင့် — **၂၃-၁၀-၂၀၁၃၊ ဗုဒ္ဓဟူးနေ့**

လူသားအကျိုးပြုလမ်း

လမ်းဆိုသည်မှာ လူသားအကျိုးပြုသွားနိုင်လာနိုင်ရန်အတွက် ဖောက်လုပ်ပေးထားသော ခရီးလမ်းကြောင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ယခင်က လမ်းများမှာ အပျက်အစီးများပြီး မချောမွေ့သဖြင့် သွားလမ်းမဖြောင့်ဖြူးဘဲ ခရီးမတွင်ဖြစ်ခဲ့ရသည်။

ယခုအခါ လမ်းစီမံမှု စနစ်ကျကောင်းမွန်လာသောကြောင့် မကောင်းသောလမ်းများကို ကောင်းအောင်ပြုပြင်ခြင်း၊ ကောင်းပြီးသားလမ်းကို ကောင်းသထက်ကောင်းအောင် ဆောင်ရွက်ခြင်းတို့ကို အစဉ်အမြဲပြုလုပ်လာသည်ကို တွေ့ရသည်။

ထိုသို့လမ်းများ ကောင်းမွန်လာမှုနှင့်အတူ လမ်းအသုံးပြုသူတို့ကလည်း စည်းကမ်းစနစ်ကျနစွာဖြင့် လိုရာခရီးသို့ ဘေးအန္တရာယ်ကင်းကင်း သွားလာနိုင်ရန်အတွက် လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းတို့ကို တိတိကျကျ လိုက်နာဖို့ လိုအပ်မည်ဖြစ်သည်။

သို့ရာတွင် လမ်းများကောင်းလာသော်လည်း လမ်းအသုံးပြုသူယာဉ်မောင်းအချို့မှာ စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည်ကို တွေ့ရသည်။ ၎င်းတို့အသုံးပြုသော ယာဉ်စွမ်းအားကောင်းလျှင် ကောင်းသလောက် အစွမ်းကုန်မောင်းနှင်တတ်သည်ကို တွေ့ရသည်။

၎င်းတို့ယာဉ်၏ စတီယာရင်လက်ကိုင်ပေါ်သို့ ယာဉ်မောင်းလက်ရောက်သည်နှင့် လေယာဉ်မောင်းသည့် ပိုက်လော့အလား မိမိကိုယ်ကို အထင်ရောက်တတ်ကြသည်။ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ယာဉ်အများစုမှာ အသစ်မဟုတ်၊ တစ်ပတ်ရစ်ယာဉ်များ ဖြစ်သည်ကို သတိပြုရပေမည်။

ထို့အတူ ယာဉ်၏ အာမခံချက်သက်တမ်းမှာ နည်းပါးသွားပြီဖြစ်သည့်အလျောက် မူရင်းပစ္စည်းအစစ်အမှန်များလည်း မဟုတ်တော့ခြင်း၊ အစားထိုးပစ္စည်းများဖြစ်ခြင်းကို သတိမူရမည်ဖြစ်သည်။ ထို့အပြင် မောင်းနှင်နေသောလမ်းများပေါ်တွင် မိမိယာဉ်အမျိုးအစားသာ မောင်းနှင်နေသည် မဟုတ်ဘဲ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များ၊ အနှေးယာဉ်များနှင့် အမျိုးမျိုးသော ယာဉ်ကြီး၊ ယာဉ်ငယ်များလည်း မောင်းနှင်နေကြသည်ကို သတိထားရမည်ဖြစ်သည်။

ပို၍ဆိုးသည်မှာ ထိုလမ်းမများပေါ်ဝယ် ခရီးသွားပြည်သူများသာမက ယခုနောက်ပိုင်းတွင် ကျေးလက်နှင့် မြို့ပြဖြတ်သန်းသော လမ်းမများပေါ်တွင် ကျွဲ၊ နွားများအပြင် အခြားတိရစ္ဆာန်များပါ ဖြတ်သန်းသွားလာနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုမျှ ရှုပ်ထွေးများပြားသော လမ်းမများပေါ်မှ ဖြတ်သန်းသွားလာမှုအမျိုးမျိုးကြားတွင် ယာဉ်ကြီး၊ ငယ်၊ လတ် အရွယ်အစားမျိုးစုံတို့က သူနိုင်ကိုယ်နိုင်အပြိုင်ကြ၍ အသည်းတယားယား စွန့်စားမောင်းနှင်နေမှုများလည်း ရှိနေပေသည်။

ထို့ကြောင့် လမ်းမပေါ်မှ အန္တရာယ်များမှာ ပို၍ များလာသကဲ့သို့ ဖြစ်ပေါ်နေသော ယာဉ်မတော်တဆမှုအခြေအနေများမှာလည်း တစ်နေ့တခြား လျော့နည်းမသွားဘဲ တိုး၍တိုး၍သာ ဖြစ်နေသည်ကို ကြားသိရသည်။

ယခု အောက်တိုဘာ ၁၁ ရက်မှ ၁၇ ရက်အတွင်း ခုနစ်ရက်တာကာလ၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ လမ်းမများပေါ်တွင် ယာဉ်မတော်တဆဖြစ်ပွားမှု ၂၃၄ မှု၊ လူထိခိုက်ဒဏ်ရာရမှု ၃၇၆ မှုနှင့် လူသေဆုံးမှု ၄၅ မှုဖြစ်ပွားခဲ့ကြောင်း နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီထံမှ သိရှိရသည်။

ဒဏ်ရာရရှိမှုများတွင် စစ်ကိုင်းတိုင်းဒေသကြီးက အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးက ဒုတိယအများဆုံးနှင့် မန္တလေးတိုင်းဒေသကြီးက တတိယအများဆုံးဖြစ်သည်။ လူသေဆုံးမှုတွင် မန္တလေးနှင့် ရှမ်းပြည်နယ်က အများဆုံးဖြစ်သည်ကို တွေ့ရသည်။

ထို့ကြောင့် ဖောက်လုပ်ပေးထားသော လမ်းများသည် လူသားအကျိုးပြုရန်အတွက် ဖောက်လုပ်ပေးထားခြင်းဖြစ်ရာ ပြည်သူများ အသက်ဘေးအန္တရာယ်ဖြစ်အောင် မဆင်မခြင်မောင်းနှင်ခြင်းများကို အသိတရားလက်ကိုင်ထားပြီး ရှောင်ရှားကြရန် တိုက်တွန်းအပ်ပါသည်။ ။

သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများအား ကျွမ်းကျင်ပိုင်နိုင်နားလည်သဘောပေါက်အောင် လေ့လာဆည်းပူး

နေပြည်တော် အောက်တိုဘာ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် သန်းခေါင်စာရင်းဆိုင်ရာအုပ်ချုပ်မှုမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၁၃)ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် အသုံးပြုမည့် အခြေခံအကျဆုံးသော လူဦးရေ ကိန်းဂဏန်းအချက်အလက်များရရှိစေရန် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် စီမံချက်များချမှတ်ကာ ကော်မရှင်၊ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် မြေပြင်ကွင်းဆင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် မိမိတို့ဌာနဝန်ထမ်းများက အဓိကတာဝန်ယူ၍ အခြားသောကော်မတီဝင်များ၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သဖြင့် လုပ်ငန်းစဉ်များအား သိရှိနားလည်ထားကြရန်လိုကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ သန်းခေါင်စာရင်းအုပ်ချုပ်မှုဆိုင်ရာ မွမ်းမံသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ဆွေးနွေးပို့ချမည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များအား ကျွမ်းကျင်ပိုင်နိုင်စွာ နားလည်သဘောပေါက်အောင် လေ့လာဆည်းပူးကြရန်လိုကြောင်း၊ သို့မှသာ မိမိလက်အောက်ဝန်ထမ်းများအား လုပ်ငန်းစဉ်များကို ဆင့်ပွားရှင်းလင်းချပြနိုင်မည်ဖြစ်ကြောင်း၊ စမ်းသပ်ကောက်ယူမှု အတွေ့အကြုံများနှင့် သင်တန်းပို့ချမှုလုပ်ငန်းစဉ်များအပေါ်မူတည်၍ လက်တွေ့ဆောင်ရွက်မည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအောင်မြင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းခန်းမ၌ သင်တန်းနည်းပြများက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အုပ်ချုပ်မှုလုပ်ငန်းစဉ်များနှင့် မြေပြင်ကွင်းဆင်းကောက်ယူရာတွင် တွေ့ကြုံရမည့် လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ရမည့်နည်းလမ်းများ ဆွေးနွေးပို့ချနေမှုကို ကြည့်ရှုလေ့လာသည်။

သန်းခေါင်စာရင်းဆိုင်ရာအုပ်ချုပ်မှုမွမ်းမံသင်တန်းကို တစ်ကြိမ်လျှင် သင်တန်းသား ၆၀ သင်တန်းကာလ သုံးရက်ဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများအား သင်တန်းအမှတ်စဉ် (၁)မှ (၇)အထိ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒီပါဝလီနေ့ ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၂

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့ (၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်) စနေနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၃ ဖြင့် ကြေညာထားကြောင်း သိရသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်	ရွှေဈေး	၆၈၃၉၀၀	-	၆၈၄၉၀၀
မန္တလေး	ရွှေဈေး	၆၈၃၆၀၀	-	၆၈၄၆၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၀၉၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၁၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၇၂. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၂၉. ၀
(ဂ) တရုတ်	တစ်ယွမ်	= ၁၅၉. ၅၄
(ဃ) ထိုင်း	တစ်ဘတ်	= ၃၁. ၁၇၄
(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၄. ၆၁
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၇၇၃
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၈၉. ၉၂
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၁. ၄၅၂
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၃၈. ၁၃
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၈၂. ၀၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

မြို့တွင်း တစ်နာရီ မိုင် ၃၀ ထက် ပိုမမောင်းရ

မြို့ပြင် တစ်နာရီ မိုင် ၆၀ ထက် ပိုမမောင်းရ

✻ရှေ့ဖုံးမှ

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကျိုးရလဒ်နှင့် နိုင်ငံတော်၏လူသားဖွံ့ဖြိုးမှုညွှန်းကိန်း (HDI) ကို နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်သည့်အခါ သိသာသည့်တိုးတက်မှုရရှိလာအောင်နှင့် မြန်မာနိုင်ငံ၏ ထောင်စုနှစ်ရည်မှန်းချက်လည်း ပြည့်မြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ အရည်အသွေး၊ အဖွဲ့အစည်းတစ်ခုလုံး၏ အရည်အသွေးဖွံ့ဖြိုးခြင်းကို ဆိုလိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးရေးအတွက် ဖွံ့ဖြိုးမှုအခြေခံဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ရခြင်း ဖြစ်ပါကြောင်း။

ထို့ကြောင့်လည်း နိုင်ငံ့စီးပွားရေးကဏ္ဍတွင် သဘာဝသယံဇာတမှီခိုစီးပွားရေး၊ ကျွမ်းကျင်မှုနည်းသည့် လုပ်သားအခြေခံစီးပွားရေးဖြစ်သည့်အတွက် ရေရှည်တည်တံ့သော စီးပွားရေးမဟုတ်သည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ ဤသို့သော စီးပွားရေးလုပ်ငန်းမှ လူသားစွမ်းရည်ဦးနှောက်အခြေခံလုပ်ငန်းမျိုး ပြောင်းနိုင်မှသာ စီးပွားရေးအရအလျင်အမြန်နှင့် အဆပေါင်းမြောက်မြားစွာ တိုးတက်နိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော စီးပွားရေးကို ရရှိစေမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသည် နိုင်ငံ့ဖွံ့ဖြိုးမှုနှင့် တိုက်ရိုက်အချိုးကျသည်ကို တွေ့ရပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတွင် တစ်ဦးချင်းစီနှင့် တစ်ဖွဲ့လုံး၏ အရည်အသွေးတိုးတက်ရန် လိုအပ်သည့်အပြင် အရည်အသွေးရောအရေအတွက်ပါ ပြိုင်တူဖွံ့ဖြိုးပါမှ ယှဉ်ပြိုင်စွမ်းအားလည်း မြင့်မားနိုင်မည် ဖြစ်ပါကြောင်း၊ ယင်းသို့မြင့်မားလာအောင် လိုအပ်သည့်ပညာ၊ အရည်အချင်း၊ ဗဟုသုတ၊ စာတွေ့လက်တွေ့အပြင် မြေပြင်အတွေ့အကြုံများကိုပါ ပေါင်းစပ်သင်တန်းပေးသွားနိုင်ရန်လိုပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအဆင့်အတန်းကို ယင်းနိုင်ငံ၏လူ့စွမ်းအားဖွံ့ဖြိုးမှု အညွှန်းကိန်းဖြင့် တိုင်းတာနှိုင်းယှဉ်ကြည့်ကြပါကြောင်း၊ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း အနိမ့်အမြင့်သည်လည်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အနိမ့်အမြင့်နှင့် တိုက်ရိုက်အချိုးကျနေပြန်ပါကြောင်း၊ လူသားဖွံ့ဖြိုးမှု အညွှန်းကိန်းကို ယင်းနိုင်ငံမှပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းပြည့်စုံမှု၊ ပညာရေးအဆင့်အတန်းပြည့်စုံမှု၊ လူနေမှုအဆင့်အတန်းပြည့်စုံမှု စသည့် အခြေခံအချက်များအပေါ် မူတည်တိုင်းတာကြခြင်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ၂၀၁၂ ခုနှစ် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအနေဖြင့် နိုင်ငံ ၁၈၇ အနက် ၁၄၉ အဆင့်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံ၏ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းအဆင့် ကို သိရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုရေတိုစီမံချက်အနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်း၊ ဌာန၏စွမ်းဆောင်ရည်မြင့်တက်လာအောင် လုပ်ငန်းခွင်ပညာပေးသင်တန်းကို ထိထိရောက်ရောက်ပို့ချပေးခြင်း၊ နိုင်ငံတကာအတွေ့အကြုံရအောင် ပို့ဆောင်ပေးခြင်း၊ ဆုပေးဒဏ်ပေး စနစ်ဖြင့် ဖွံ့ဖြိုးအောင်လုပ်နိုင်မည်ဖြစ်ပါကြောင်း။

ရေရှည်စီမံချက်အနေဖြင့် ပညာရေးဝန်ကြီးဌာန အပါအဝင် သင်ကြားရေးတာဝန်ပါသည့် အခြားသောဝန်ကြီးဌာန ၁၂ ခုတို့၏ စာတွေ့လက်တွေ့အဆင့်အတန်းမြင့်မားလာအောင်၊ သင့်တော်သည့်နည်းလမ်းပေါင်းစုံနှင့်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်း၍လည်းကောင်း ချမှတ်ဆောင်ရွက်ပါမှ ဤနိုင်ငံမှ မွေးထုတ်လိုက်သည့် အရင်းအမြစ်သည် အမှန်တကယ်ယှဉ်ပြိုင်နိုင်စွမ်း ဖွံ့ဖြိုးမှုကို ရရှိမည်ဖြစ်ပါကြောင်းဖြင့်လည်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ပြောကြားခဲ့သည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒေါက်တာကိုကိုဦးနှင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနအလိုက်စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခဲ့မှုနှင့်ဘက်စုံလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဗဟိုကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ စီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ ဦးတင်ထွန်းဦးနှင့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဝင်းအောင်တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ်တိုးတက်မြင့်မားလာခြင်းအားဖြင့် ကုန်ထုတ်လုပ်စွမ်းအား မြင့်တက်ပြီး နိုင်ငံ၏လူမှုစီးပွားရေးလည်း လိုက်ပါဖွံ့ဖြိုးမည်ဖြစ်ပါကြောင်း၊ ပညာရေးဆိုင်ရာ ဖွံ့ဖြိုးမှုရှိလာသည်နှင့်အမျှ စာပေဗဟုသုတလည်း အလားတူ ဖွံ့ဖြိုးမည်ဖြစ်သည့်အတွက် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကိုပါ လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်မြင့်မားလာသည်နှင့်အတူ ပြည်သူများ၏ လူနေမှုစနစ်ပါ ပြောင်းလဲသွားစေမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ပြည်သူများ၏ လူနေမှုဘဝပြောင်းလဲသွားခြင်းမှာ အကောင်းဆုံးသာဓကပင်ဖြစ်ပါကြောင်းဖြင့်ပြောကြားခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်မှာ ကဏ္ဍအလိုက်၊ ဒေသန္တရအလိုက် အရင်းအမြစ်စာရင်းဇယားများစုဆောင်းခြင်း၊ လေ့လာသုံးသပ်ခြင်းများ ပြုလုပ်ပြီး စီမံကိန်းရေးဆွဲနိုင်ရေး မူဝါဒချမှတ်ပေးနိုင်ရန်၊ ပြည်တွင်းပြည်ပအတိုင်ပင်ခံကျွမ်းကျင်သူ ပညာရှင်များအကူအညီဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရေးဆွဲရန်၊ ရေးဆွဲရရှိလာသည့်စီမံကိန်းကို စီမံကိန်းတစ်ခု၏ လုပ်ထုံးလုပ်နည်းအတိုင်း အဆင့်ဆင့်အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်သွားရန်နှင့် အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းသွားရန် ဖြစ်ကြောင်းသိရသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် လိုအပ်သည့်အရင်းအနှီးနှင့် နည်းပညာများကို နိုင်ငံတော်အစိုးရဘဏ္ဍာငွေမှလည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်း၊ နိုင်ငံတကာအဖွဲ့အစည်း၊ NGO များနှင့် ပူးပေါင်းခြင်းဖြင့်လည်းကောင်း ရန်ပုံငွေရယူပြီး အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်း၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားရန်နှင့် စီမံကိန်းရေးဆွဲရေး Focal Ministry မှာ ပညာရေးဝန်ကြီးဌာနဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်

နေပြည်တော် အောက်တိုဘာ ၂၂

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြေးခုန်ပစ် Championship ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေး အားကစားကွင်း (၁)၌ ပြုလုပ်ရာ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးဦးသောင်းထိုက်၊ ဦးဇော်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းက မြန်မာပြေးခုန်ပစ်အားကစားနည်းရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၅၉ ခုနှစ် ပထမအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ်အားကစား ပြိုင်ပွဲမှစပြီး ၂၀၁၁ခုနှစ် (၂၆) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲထိ ရွှေတံဆိပ်စုစုပေါင်း ၁၇၅ ခု ဆွတ်ခူးပေးနိုင်ခဲ့ပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်အများဆုံးဆွတ်ခူးပေးနိုင်ခဲ့တဲ့ အားကစားနည်းအဖြစ် ဂုဏ်သရေရှိစွာရပ်တည်လျက်ရှိကြောင်း၊ အထူးမှာချင်သည်မှာ မိမိတို့ရဲ့နိုင်ငံမှာ ကျင်းပမည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲမှာ ယခင်အားကစားသမားများကဲ့သို့ ရွှေတံဆိပ်အများဆုံးနဲ့ အမိနိုင်ငံ၏ ဂုဏ်သိက္ခာကိုမြှင့်တင်ပေးနိုင်အောင် ပြင်းပြင်းထန်ထန်လေ့ကျင့်ပြီး အစွမ်းကုန် ကြိုးစားယှဉ်ပြိုင်သွားကြရန် ပြောကြားသည်။

ပြိုင်ပွဲကို အောက်တိုဘာ ၂၃ရက်အထိ ပြိုင်ပွဲအမျိုးအစား ကျား/မ ၂၃ မျိုး ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၂

ယနေ့နံနက်၉ နာရီခွဲအချိန်အထိ
မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့က ကြီးမှူးကျင်းပသည့် (၁၃)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသိမ်းမြင့်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် စာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၌ ၁၀ နေရာခွဲ၍ ဆက်လက်ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲကို အောက်တိုဘာ ၂၄ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်၊ ကောလိပ်တို့မှ စာတမ်းရှင်များက ဝိဇ္ဇာ၊ သိပ္ပံပညာရပ်ဆိုင်ရာ စာတမ်းပေါင်း ၂၂၀ ကို ဖတ်ကြားဆွေးနွေးကြမည် ဖြစ်သည်။

(သတင်းစဉ်)

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်မှ နျူကလီးယားဓာတ်အားပေးစက်ရုံ လည်ပတ်ပြီ

အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်ရှိ ကုဒန်ကူလန် နျူကလီးယားဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

နယူးဒေလီ အောက်တိုဘာ ၂၂

လွန်ခဲ့သည့်နှစ်များအတွင်းက ဆန္ဒပြမှုများဖြစ်ပွားခြင်းနှင့်အတူ အငြင်းပွားဖွယ်ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသော အိန္ဒိယနိုင်ငံ တမီလ်နာဒူးပြည်နယ်အတွင်းရှိ ကုဒန်ကူလန် နျူကလီးယားဓာတ်အားပေးစက်ရုံ၏ တရားဝင်လည်ပတ်မှု စတင်ခဲ့ပြီဖြစ်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းနျူကလီးယားဓာတ်အားပေးစက်ရုံမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို နိုင်ငံတော် မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်ပို့လွှတ်ပြီဖြစ်ကြောင်း အိန္ဒိယ ပီတီအိုင် သတင်း၌လည်း ဖော်ပြသည်။

ယခုနှစ် မေလအတွင်း အိန္ဒိယဗဟိုတရားရုံးက ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ရာတွင် အဆိုပါ နျူဓာတ်အားပေးစက်ရုံအတွက် လုံခြုံစိတ်ချရသော အာမခံချက်များ ရှိပါက စက်စတင်လည်ပတ်နိုင်ကြောင်း ဖော်ပြခဲ့သည်။

၂၀၁၁ခုနှစ် မတ်လအတွင်းဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီလှိုင်းဒဏ်သင့်ခဲ့ရသည့် ဂျပန်နိုင်ငံမှ ဖူကူရှီးမား နျူစက်ရုံအား အထောက်အထားပြုကာ အဆိုပါစက်ရုံ လည်ပတ်မှုကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

လွန်ခဲ့သည့်နှစ်အတွင်းကလည်း ကုဒန်ကူလန် နျူဓာတ်အားပေးစက်ရုံ လည်ပတ်ရေးအတွက် လုံခြုံရေးအကြောင်းပြချက်များနှင့် ကြီးမားသောဆန္ဒပြမှုများ ဖြစ်ပွားခဲ့သေးသည်။

သို့သော် အိန္ဒိယနိုင်ငံနှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် ကုဒန်ကူလန် နျူဓာတ်အားပေးစက်ရုံစီမံကိန်းသည် နိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် ဖြည့်ဆည်းပေးနိုင်သည်ဟု အိန္ဒိယအစိုးရက ရှုမြင်ကာ ယင်းစက်ရုံ လည်ပတ်ရေးအတွက် အပြည့်အဝ လုံခြုံမှုရှိသည်ဟု သုံးသပ်ခဲ့သည်။

ယင်းစက်ရုံလည်ပတ်ရေး အဆုံးအဖြတ်သည် အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ နှစ်ရက်ကြာ မော်စကိုခရီးစဉ်အတွင်း ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ **ဘီဘီစီ။**

ဗင်နီဇွဲလားလေပိုင်နက် ကျူးကျော်သည့် လေယာဉ်ငယ်နှစ်စင်း ပစ်ချခံရ

ကရာကတ်စ် အောက်တိုဘာ ၂၂

နိုင်ငံ၏လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာသော အပေါ့စားလေယာဉ်ငယ်နှစ်စင်းကို ယခုရက်သတ္တပတ်ကုန်ပိုင်းအတွင်း ပစ်ချခဲ့ကြောင်း ဗင်နီဇွဲလားအာဏာပိုင်များက ပြောကြားသည်။

ယခုလအစောပိုင်းက ဥပဒေတစ်ရပ်ထုတ်ပြန်ခဲ့ရာတွင် နိုင်ငံ၏လေကြောင်းပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသည့်လေယာဉ်များအား ပစ်ချမည်ဟု ဖော်ပြခဲ့ပြီးနောက် ဝေဟင်အတွင်း ဂျက်တိုက်လေယာဉ်များက တရားမဝင်ဝင်ရောက်လာသောလေယာဉ်များအား ပစ်ချခဲ့မှုသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ဗင်နီဇွဲလားလက်နက်ကိုင်တပ်ဖွဲ့က ပြောကြားသည်။

အမေရိကတိုက်အလယ်ပိုင်းဒေသမှ ပျံသန်းလာသည့် မူးယစ်ဆေးဝါးမှောင်ခိုလေယာဉ်များသည် ဗင်နီဇွဲလား တိုက်လေယာဉ်မှူးတို့၏ သတိပေးမှုများကို ငြင်းဆန်ခဲ့ကြသည်ဟုဆိုသည်။

ယခုနှစ်အတွင်း အခြားသော လေကြောင်းပိုင်နက်ချိုးဖောက်သည့် လေယာဉ် ၁၁ စင်းကိုလည်း မြေပြင်သို့ ဆင်းသက်စေခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဗင်နီဇွဲလား လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးပမာဏ ၃၅တန်ကျော်ကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။ **ဘီဘီစီ။**

ပစ်ချခံခဲ့ရသော လေယာဉ်တစ်စင်း မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။



အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ငလျင်လှုပ်

ဂျကာတာ အောက်တိုဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်း အာချေးပြည်နယ်ဆူမတြားကျွန်းတွင် အောက်တိုဘာ ၂၂ရက်က ပြင်းအား ၅ဒသမ ၆အဆင့်ရှိ ငလျင်လှုပ်ကြောင်း၊ ငလျင်လှုပ်ခတ်မှုကြောင့် လူအများ ထိတ်လန့်တကြားဖြစ်ကြရကြောင်း၊ သို့ရာတွင် သေကျေမှုနှင့် ပျက်စီးမှုသတင်းအသေးစိတ်ကို မရရှိသေးကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောကြားသည်။

ဂျကာတာ ဒေသစံတော်ချိန် ၁၃ နာရီ ၁၂ မိနစ်က အာချေးဘီဆာခရိုင် အနောက်ဘက် ၁၆ ကီလိုမီတာဝေးကွာသောနေရာကို ဗဟိုပြု၍ မြေအောက် ၁၀ ကီလိုမီတာ၌ လှုပ်ခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသနှင့် ဘူမိဗေဒပညာရှင်များက ဆင်ဟွာသတင်းဌာနသို့ တယ်လီဖုန်းဖြင့် ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် ဒေသခံပြည်သူများ ထိတ်လန့်တကြားဖြစ်ကာ ၎င်းတို့၏နေအိမ်များမှ ထွက်ပြေးလာကြကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် လျော့ပါးရေးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ **ဆင်ဟွာ။**

အမေရိကန်၏ ဒရုန်းလေယာဉ်တိုက်ခိုက်မှုများကို ဥပဒေမဲ့လုပ်ရပ်အဖြစ် လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ဝေဖန်

လန်ဒန် အောက်တိုဘာ ၂၂

အမေရိကန် ပြည်ထောင်စုသည် ပါကစ္စတန်နိုင်ငံ၌ မောင်းသူမဲ့ ဒရုန်းလေယာဉ်များအသုံးပြု၍ တရားဥပဒေမဲ့ သတ်ဖြတ်မှုများကို ကျူးလွန်နေကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် အောက်တိုဘာ ၂၃ရက်တွင် ဆွေးနွေးရန်ရှိနေစဉ် ဗြိတိန်နိုင်ငံအခြေစိုက် နိုင်ငံတကာလူ့အခွင့်အရေးအုပ်စုဖြစ်သည့် အဆိုပါအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း တိုင်းရင်းသားမျိုးနွယ်စုဝင်များနေထိုင်ရာဒေသများ၌ ပေါ်ပေါက်ခဲ့သော ဒရုန်းလေယာဉ်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က အသေးစိတ်ဖော်ပြထားသည်။

ဒရုန်းလေယာဉ် တိုက်ခိုက်မှုများအနက် အချို့မှာ စစ်ရာဇဝတ်မှုကျူးလွန်သည့်ပြစ်မှုထိုက်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုဝင်များသည် တရားဥပဒေမဲ့ ဒရုန်းလေယာဉ်တိုက်ခိုက်မှုများကြောင့် စိုးရိမ်ထိတ်လန့်စွာဖြင့် နေထိုင်ကြရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၂ခုနှစ် ဇန်နဝါရီလမှ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်၌ ဒရုန်းလေယာဉ် တိုက်ခိုက်မှုဖြစ်စဉ် ၄၅ ကြိမ်၏ အကျိုးသက်ရောက်မှုများကို အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ရိုက်တာ။**



လယ်ယာကဏ္ဍနှင့် နည်းပညာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ကိုရီးယားသမ္မတနိုင်ငံ ပညာရေးဝန်ကြီးဌာန Mokpo National University (MNU) မှ ပါမောက္ခချုပ် Dr. Seok-Kyu Ko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ယမန်နေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံကြပြီး Mokpo National University (MNU) နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့အကြား လယ်ယာကဏ္ဍနှင့် နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးများ နှစ်ဖက်သဘောတူလက်မှတ်ရေးထိုးခြင်းနှင့် လက်တွေ့လုပ်ငန်းများဆောင်ရွက်ရန် ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပါမောက္ခချုပ် Dr. Seok-Kyu Ko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်း၌ ဓာတုကင်းလွတ်ငရုတ်၊ ခရမ်း၊ ရုံးပတီ၊ ကညွတ်၊ ဂျုံးမြစ်၊ မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီ၊ ဖရုံ၊ သခွားနှင့် ကြက်ဟင်းခါးသီးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု၊ ထိုင်ဝမ်မူရင်းမျိုး သင်္ဘောနှင့် မလေးရှား ပိန္နဲစိုက်ခင်း၊ ပိန်းဥစိုက်ကွင်းရှိ ပိန်းပင်များ စိမ်းစိုဖြစ်ထွန်းနေမှုများကို ကြည့်ရှုလေ့လာခဲ့ကြသည်။ **(ယာပုံ)**

ယင်းနောက် ချိုင်းကျေးရွာအနီးရှိ ခေတ်မီဘက်စုံသုံးရိတ်သိမ်းခြွေလှေ့စက်ကြီးများ၊ ခေတ်မီထွန်စက်များ၊ ဘက်စုံ ၁၀ မျိုးသုံး လက်တွန်းထွန်စက်များနှင့် လယ်ယာသုံး စက်ကိရိယာအပိုပစ္စည်းများကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ထိုင်ဝမ်မူရင်းမျိုး မြေပဲစိုက်ခင်းများ၊ တောင်သူပညာပေး ဂျုံးမြစ်စိုက်ကွင်းများ၊ မျိုးစေ့နှင့် လယ်ယာသုံးပစ္စည်းအရောင်းဆိုင်ရှိ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ မျိုးစေ့များ၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့များနှင့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ဧက ၃၀၀၀ စံပြစက်မှုလယ်ယာမြေ ပုလဲသွယ်စပ်မျိုးမိုးစပါးစိုက်ခင်းများနှင့် တလင်းပျောက်စနစ်ဖြင့် ရိတ်သိမ်းနေမှုများကို ကြည့်ရှုလေ့လာကြပြီး ကိုရီးယားနိုင်ငံ၏ စားသုံးသူဈေးကွက်လိုအပ်ချက်အရ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန် ဆန်စပါးသီးနှံအပါအဝင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများအား ကိုရီးယားနိုင်ငံ ဈေးကွက်၏အရည်အသွေး စံချိန်စံညွှန်း သတ်မှတ်ချက်ကိုက်ညီစွာဖြင့် အဆင့်မြင့်တင်ရောင်းချရန် ဈေးကွက်သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ညွှန်းဝိသာခါကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

မကွေးမြို့ ကန်ပြား(အရှေ့)ရွာ ယသဇေယျာရုံကျောင်းတိုက်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးလူငယ်ဖွံ့ဖြိုးရေးကျောင်းတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအတွက် ညွှန်းဝိသာခါကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေပေးအပ် လှူဒါန်းပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းတိုက်ဝင်းအတွင်း ကျင်းပရာ **(အောက်ပုံ)** သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့် ဇနီး ဒေါ်ထွေးရီ မိသားစုက မတည်ငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ကြီးအောင်ကြည် (ငြိမ်း)- ဒေါ်တင်အောင် မိသားစု၊ ဦးတင်မြင့် - ဒေါ်ခင်မြတ်ကြွယ် မိသားစု၊ ဦးကိုကိုနိုင်-ဒေါ်သင်းသင်းယု မိသားစု၊ ဦးလှသိန်း-ဒေါ်ကြည်ကြည်ထွေး မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးစိုးဝင်း- ဒေါ်ခင်စန်းကြူတို့က ငွေကျပ်သုံးသိန်းတို့အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ယနေ့အလှူငွေရရှိမှုမှာ ငွေကျပ် ၁၄၉ သိန်းဖြစ်သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို အောက်တိုဘာ ၁၉ ရက် ညနေပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်သိမ်းနှင့် ဇနီးနှင့် အလှူရှင်များက ပန္နက်တင်ပေးကြပြီး ရတနာအုတ်မြစ်တော် စီပေးခဲ့ကြသည်။

"ကျောင်းသား ကျောင်းသူတွေရဲ့ အရည်အချင်းတိုးတက်ရေးနဲ့ လိမ္မာယဉ်ကျေးမှုရှိဖို့က ကျွန်တော်တို့လို ဆရာတွေအပေါ်မှာ ၆၀ ရာခိုင်နှုန်းလောက် တည်နေတာပါ၊ ဒီကိုရောက်လာတဲ့ တချို့ကလေးတွေဆို ခက်ခဲတဲ့ မိဘတွေဆီက လာကြတော့ ပညာရေးပိုင်းမှာ လိုချင်သလောက်မရကြဘူး၊ ဒါကြောင့် ကူညီနိုင်သလောက် ကူညီပေးတာပါ၊ ကန်ပြားလူငယ်ဖွံ့ဖြိုးရေးကျောင်းက ကလေးတွေ အခု ကန်ပြား အထက်တန်းကျောင်းမှာ တက်နေကြပါပြီ။ လိုနေတဲ့အပိုင်း၊ အားနည်းနေတဲ့ ပညာရေးအပိုင်းလောက်ကို ဒီကျောင်းကထပ်ပြီး ဖြည့်ဆည်းပေးပါတယ်၊ အုပ်ချုပ်ကြီးကြပ်နေတဲ့ ဆရာတော်ဦးကလျာဏကလည်း ပညာရေးပိုင်း၊ စာရိတ္တပိုင်းမှာ အမြဲကောင်းအောင် အားပေးနေပါတယ်" ဟု ကန်ပြားလူငယ်ဖွံ့ဖြိုးရေးကျောင်းတွင် သင်ကြားပြသနေသည့် ဆရာတစ်ဦးက ပြောသည်။

နဝမတန်းကျောင်းသူ မနန္ဒာလင်းက "အရင်က ကံလှကျေးရွာ အလယ်တန်းကျောင်းမှာ တက်ရောက်ခဲ့ပါတယ်၊ အခု ကိုးတန်းရောက်လာတော့ အခြေခံကောင်းချင်တာနဲ့ ဒီကိုပြောင်းလာတာပါ၊ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်၊ သမီးတို့ဘက်ကလည်း စာကိုကြိုးစားသင်ယူပြီး နောင်တစ်ချိန်မှာ ပညာရေးနဲ့ ပြန်လည်ကျေးဇူးဆပ်သွားပါမယ်" ဟု ချစ်စဖွယ်ပြောပြခဲ့သည်။

ညွှန်းဝိသာခါ ကျောင်းဆောင်သစ် ဒီဇိုင်းရေးဆွဲခဲ့သူ မြို့ပြအင်ဂျင်နီယာက "ကျွန်တော်က ဆရာတော် ဦးကလျာဏဦးစီးတဲ့ ဒီကန်ပြားလူငယ်ဖွံ့ဖြိုးရေးကျောင်းကနေပြီး ဘွဲ့ရခဲ့တာပါ။ အခုပြန်ပြီး ကျေးဇူးဆပ်ခွင့်ရလို့ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု ပြောပြသည်။

အလှူရှင်များက ကျောင်းသားဦးရေ တိုးတက်လာသည့်အတွက် နေရာအခက်အခဲလိုအပ်နေမှုအပေါ် ယခုကဲ့သို့ ညွှန်းဝိသာခါအမည်ဖြင့် ကျောင်းဆောင်သစ်ကို လှူဒါန်းခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် ပြောပြကြသည်။

ယသဇေယျာ ကျောင်းတိုက် ဆရာတော် ဦးကလျာဏဦးစီးသော ကိုယ့်အားကိုယ်ကိုးကန်ပြားလူငယ်ဖွံ့ဖြိုးရေးကျောင်းသည် ၁၉၈၇ ခုနှစ်တွင် လူငယ် ၈၀ ကို ယဉ်ကျေးလိမ္မာသင်ကြားပေးခဲ့ရာမှ စတင်ခဲ့ပြီး ယခုနှစ်အထိ ကျောင်းသားကျောင်းသူ ၆၀၀ ကျော် နေထိုင်၍ အထက်တန်းကျောင်းပညာရပ်များ သင်ယူနေကြပြီဖြစ်သည်။

၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် တစ်ဦး အောင်မြင်ခဲ့ပြီး နှစ်စဉ် ဂုဏ်ထူးရကျောင်းသားဦးရေ တိုးပွားလျက်ရှိသည်။ တိုင်းအဆင့် အောင်ချက်အကောင်းဆုံးဆုကို ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ရရှိခဲ့သည်။

ယခု အသစ်ဆောက်လုပ်မည့် ညွှန်းဝိသာခါ ကျောင်းဆောင်သစ်သည် အလျား×အနံ ပေ ၄၀×၆၀ ရှိပြီး စတီးဖရိန်၊ အုတ်ညှပ်နှစ်ထပ် အဆောက်အအုံဖြစ်ကာ သိန်း ၄၀၀ ခန့်ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)





မီးပုံးပျံပြုတ်ကျရာမှ မီးလန့်မှုဖြစ်ပွား

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် လမ်း(၃၀)(၆၅×၆၆)လမ်းကြား မင်းကွန်းတိုက်တန်း သုံးလွှာထပ်ခိုးနောက်ကျောတွင် အောက်တိုဘာ ၁၉ ရက် ည ၈ နာရီ မိနစ် ၅၀ က ယင်းအဆောက်အအုံတွင် တပ်ဆင်ထားသော အဲယားကွန်းအောက်ဒိုးကာဘာကော်စအပေါ် မီးပုံးပျံမှ မီးစာကုန်ပြီး ပြုတ်ကျခဲ့ရာမှ အနည်းငယ်မီးလောင်ကျွမ်းခဲ့သဖြင့် မီးလန့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

(သီဟကိုကို-မန္တလေး)

ဆေးပညာသတင်းဆန်းများ (၅၀)

ဒေါက်တာကံညွန့်

ယခုတစ်ပတ်တင်ပြလိုတဲ့သတင်းကတော့ Australia နိုင်ငံမှာ နိုင်ငံရဲ့ လူဦးရေ ၁/၄ ခန့်ဖြစ်တဲ့ လူဦးရေ ခြောက်သန်းကျော်ဟာ အသည်းရောဂါအမျိုးမျိုးကို ခံစားနေရတယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ Australia နိုင်ငံ Gastroentrological Society နှင့် Australian Liver Association က ပူးတွဲထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြထားတာပါ။ အသည်းရောဂါတစ်ခုခုနှင့် တစ်နေ့မှာ လူ ၂၀ ခန့် အသက်ဆုံးရှုံးနေရတယ်လို့လည်း ဆိုပါတယ်။ နိုင်ငံတော်ကလည်း အသည်းနှင့် ပတ်သက်တဲ့ ရောဂါတွေအတွက် နှစ်စဉ် တစ်နှစ်ကို Australian Dollar ၅ ဒသမ ၄ သန်း(US Dollar 5.65 သန်း) သုံးစွဲခဲ့ရတယ်လို့ ထောက်ပြထားပြီး ဒီအတိုင်းသာ ဆက်သွားနေရင် ၂၀၃၀ ခုနှစ်မှာ အသည်းရောဂါခံစားရမယ့်သူ ရှစ်သန်းရှိလာနိုင်မယ်လို့လည်း ဆိုထားပါတယ်။ ယခုအခါမှာ တစ်နိုင်ငံလုံးမှာ ပြုလုပ်ခဲ့တဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းအစားထိုးကုသမှုအားလုံးရဲ့ ၁/၄ ဟာ အသည်းအစားထိုးကုသမှုဖြစ်ပြီး ဒီကုသမှုတိုးမြှင့်မဆောင်ရွက်နိုင်ဘူးဆိုရင် အသည်းကင်ဆာကြောင့် သေဆုံးမှုဟာ ပိုများလာနိုင်တယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

ယခုတစ်ခါ တရုတ်နိုင်ငံက ဆေးပညာရှင်တွေနဲ့ ဗြိတိန်၊ အမေရိကန်နိုင်ငံက ဆေးပညာရှင်တွေ ပူးပေါင်းသုတေသနပြုလုပ်ခဲ့ကြတဲ့ တွေ့ရှိချက်တစ်ခုကိုလည်း တင်ပြလိုပါတယ်။ ဒါကတော့ ဆေးလိပ်သောက်သုံးမှုဟာ အမေ့လွန်ရောဂါနဲ့ လုံးဝပတ်သက်နေတယ်ဆိုတဲ့ တွေ့ရှိချက်ပါပဲ။ တရုတ်နိုင်ငံ Arhui Medical University နဲ့ အမေရိကန်၊ ဗြိတိန်နိုင်ငံက ဆေးပညာရှင်တွေ ပါဝင်တဲ့ အဖွဲ့တစ်ခုဟာ တရုတ်နိုင်ငံ ပြည်နယ်ငါးခုက ဆေးလိပ်သောက်သူနဲ့ သူတို့နဲ့ ပူးတွဲနေထိုင်သူ အသက်(၆၀)နှင့်အထက် လူပေါင်း ၅၉၆၂ ဦးကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်အကြား သုတေသနပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလေ့လာချက်အရ ဒီအထဲက လူပေါင်း ၆၂၆ ဦး(၁၀ ဒသမ ၆ ရာခိုင်နှုန်း)ဟာ ပြင်းထန်တဲ့ အမေ့လွန်ရောဂါ Severe Dementia ရောဂါကို ခံစားနေကြရပြီး ၈၆၉ ဦး(၁၄ ဒသမ ၇ ရာခိုင်နှုန်း)ကတော့ အလယ်အလတ်ဖြစ်တဲ့ Moderate Dementia ရောဂါကို ခံစားနေရတာတွေ့ရတယ်လို့ ဆိုပါတယ်။ ပြင်းထန်စွာ ရောဂါခံစားရသူတွေရဲ့ ၁၃ ဒသမ ၆ ရာခိုင်နှုန်းခန့်ဟာ ကိုယ်တိုင်ဆေးလိပ်သောက်သူမဟုတ်ဘဲ ဆေးလိပ်သောက်သူတွေနဲ့ နီးကပ်စွာ နေထိုင်သူတွေလို့လည်း ဖော်ပြထားပါတယ်။ သူတို့အဆိုအရ နှစ် ၄၀ ကျော် ဆေးလိပ်သောက်သူတွေနဲ့အတူ နေထိုင်ခဲ့သူတွေဟာ ဆေးလိပ်သောက်သူတွေလိုပဲ ပြင်းထန်တဲ့ ဒီရောဂါကို ခံစားရနိုင်တယ်လို့ ထောက်ပြထားပါတယ်။ ဒီလေ့လာချက်ကို ဗြိတိန်နိုင်ငံထုတ် British Occupational and Environmental Medicine Journal မှာ ဖော်ပြထားတာကို တင်ပြလိုက်ရပါတယ်။

အခု ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဆီးချိုဝေဒနာရှင်တွေအတွက်ပါ။ သာမန်လူတွေထက် ဆီးချိုဝေဒနာရှင်မှာ ပန်းသေ ပန်းညှိုးရောဂါ ပိုဖြစ်နိုင်တယ်ဆိုတာ တင်ပြခဲ့ပြီးပါပြီ။ ယခု အသစ်တွေ့ရှိချက်အရ ဆီးချိုဝေဒနာရှင်တွေမှာ ဗိုက်ပူပြီး အဝလွန်ဖြစ်နေသူတွေ၊ ညအိပ်တဲ့အခါ ဟောက်တတ်တဲ့ လူတွေနဲ့ သွေးတိုးရောဂါရှိသူတွေမှာ ပိုဖြစ်နိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဆီးချိုရောဂါသုတေသီ ဆရာဝန်ကြီးတွေရဲ့ လေ့လာတွေ့ရှိရတဲ့ ဒီသတင်းကို Diabetes Digest ဂျာနယ်မှာ ဖော်ပြထားတာပါ။ ယင်းတွေ့ရှိချက်မှာ ဆက်လက်ဖော်ပြထားတာကတော့ ဒီလို ပန်းသေပန်းညှိုးဖြစ်နေတဲ့ ဆီးချိုဝေဒနာရှင်တွေမှာ သာမန်လူတွေသောက်နေကြတဲ့ Sidenafil ခေါ်တဲ့ ကာမရာဂစိတ်ကြွဆေးကို သောက်သုံးပါက မျက်စိအမြင်မှုန်ဝါးသွားနိုင်တဲ့ရောဂါဖြစ်တဲ့ လူနာတချို့ကိုလည်း တွေ့နေရတယ်လို့ ဖော်ပြထားပါတယ်။ ဒီလိုမျက်စိမှုန်သွားရတာကတော့ မျက်စိအာရုံကြောကို အားပေးနေတဲ့ သွေးကြောမကြီးမှာ သွေးလွှတ်မှုနည်းသွားတာ(Anterior Ischaemic Optic Neuropathy) (AION) ရောဂါကြောင့်လို့ ဆိုပါတယ်။ ဒါကြောင့် ဆီးချိုဝေဒနာရှင်တွေ ဒီဆေးကို သောက်မယ်ဆိုရင် သတိထားသောက်သုံးကြဖို့ တင်ပြလိုက်ရပါတယ်။

အမေရိကန်နိုင်ငံမှာတော့ အဆုတ်ကင်ဆာကို ဖြစ်နိုင်ခြေရှိသူတွေမှာ အထူးသတိထားပြီး စမ်းသပ်စစ်ဆေးမှုတွေကို ၂၀၁၀ ခုနှစ်ကပဲ ဆောင်ရွက်ပေးနေတာကြောင့် ယခု ၂၀၁၂ ခုနှစ်မှာ သေဆုံးရမှုနှုန်းဟာ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ ဆိုပါတယ်။ အဆုတ်ကင်ဆာဟာ အမေရိကန်တစ်နိုင်ငံတည်းမှာ တစ်နှစ် ၆၀၀၀၀ ခန့် နှစ်စဉ်သေဆုံးနေရတာဖြစ်ပါတယ်။ ဖြစ်နိုင်ခြေအများဆုံးဖြစ်တဲ့ (၁၀)နှစ်ကျော် ဆေးလိပ်သောက်သုံးခဲ့သူတွေ၊ မျိုးရိုးဗီဇရှိသူတွေကို ရောဂါလက္ခဏာမပေါ်ခင်ကပဲ (CT scan) အားကောင်းတဲ့ ရင်ဘတ်ဓာတ်မှန်စတဲ့ စစ်ဆေးမှုတွေကို နှစ်စဉ်ပြုလုပ်ပေးနေတဲ့အစီအစဉ်ပါ။ အမေရိကန်နိုင်ငံသား ၈ ဒသမ ၆ သန်းဟာ ဖြစ်နိုင်ခြေစာရင်းထဲမှာ ဝင်နေတာပါ။

National Lung Screening Trial (NLST) ဆိုတဲ့ အစီအစဉ်မှာ အများအားဖြင့် အသက်(၅၅)နှစ်မှ (၇၄) နှစ်အရွယ်ထိပါဝင်ပြီး စီးကရက်တစ်နေ့မှာ အလိပ် ၂၀ နှစ် ၃၀ ကြာ သောက်ခဲ့သူ၊ တစ်နေ့ အလိပ် ၄၀ နှင့် (၁၅) နှစ်ကြာ သောက်ခဲ့သူတွေကို အမြင့်ဆုံးကင်ဆာဖြစ်နိုင်ခြေရှိသူ Highest Risk Person လို့ သတ်မှတ်ထားပါတယ်။

ဒီအစီအစဉ်ကြီးကို ဦးဆောင်ခဲ့သူ အမေရိကန်နိုင်ငံ Seattle မြို့ ဝါရှင်တန်ဆေးတက္ကသိုလ်မှ ဆရာဝန်ကြီး Larry Kessler ရဲ့ အဆိုအရ အဆုတ်ကင်ဆာကို Small Nodule အနေနဲ့ စောစောသိရင် ခွဲထုတ်ခြင်းဖြင့် လုံးဝပျောက်နိုင်တာကြောင့် ဒီလိုစောစောသိအောင် စစ်ဆေးမှုပြုလုပ်ရတာလို့ ဆိုပါတယ်။ အခုလောလောဆယ်မှာ တစ်နှစ် လူ ၆၀၀၀၀ သေဆုံးရမယ့်အစား ၄၈၀၀၀ သာ သေဆုံးရသည်ထိ လျှော့ချနိုင်ပြီလို့ဆိုကြောင်း တင်ပြလိုက်ရပါတယ်။

နောက်တစ်ခုလည်း ဆေးလိပ်မပြတ်နိုင်သူတွေအတွက် သတင်းကောင်းပါ။ အမေရိကန်နိုင်ငံက သိပ္ပံပညာရှင်တွေက တီထွင်လိုက်တဲ့ E-Cigarette လို့ခေါ်တဲ့ ဆေးလိပ်တုဟာ ၂၀၁၁ ခုနှစ်မှာ သောက်သုံးသူ ၂၁ ရာခိုင်နှုန်းပိုများလာပြီလို့ ဆိုပါတယ်။ ဒီစီးကရက်တုဟာ ဘေးထွက်ဆိုးကျိုးဘာတွေဖြစ်လာနိုင်မယ်ဆိုတာ စောင့်ကြည့်လေ့လာရဦးမှာဖြစ်ပေမယ့် သေချာတာကတော့ ရိုးရိုးစီးကရက်မှာပါတဲ့ အဆိပ်ဓာတ်ငွေ့တွေ မပါတာရယ်၊ တစ်အိမ်တည်းမှာ အတူနေသူတွေကို အငွေ့ရှူရှိုက်ရတဲ့ ဘေးက လွတ်ကင်းနိုင်တာရယ်ကြောင့် အကျိုးရလဒ်ပိုကောင်းတယ်ဆိုတာကတော့ သေချာနေပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံ Centre for Disease Control and Prevention(CDC) အဖွဲ့ကြီးက ခွင့်ပြုထားတာဖြစ်ပါတယ်။ ဒါဟာလည်း အမေရိကန်နိုင်ငံမှာ အဆုတ်ကင်ဆာဖြစ်နှုန်းကျဆင်းလာရတဲ့အကြောင်းတစ်ခုလို့ ထောက်ပြနေကြောင်း တင်ပြလိုက်ရပါတယ်။

ယခုသတင်းကတော့ AIDS ရောဂါဟာ စောစောသိပြီး စောစောဆေးကုသမှုခံယူလိုက်ရင် နောက်တစ်သက်လုံး ဆေးဆက်စားစရာမလိုသည်ထိ ဖြစ်နိုင်တယ်ဆိုတဲ့ လေ့လာချက်တစ်ခုအကြောင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ ပြင်သစ်နိုင်ငံမှ ဆေးပညာရှင်တစ်စုက လေ့လာတွေ့ရှိခဲ့တာဖြစ်ပြီး အမေရိကန်နိုင်ငံ Mississipi ပြည်နယ်က ကလေးတစ်ဦးမှာလည်း ဒီလိုတွေ့ခဲ့ရတာကြောင့် ဒီကုသမှုကို အလေးထားဆောင်ရွက်ကြဖို့ လိုတယ်လို့ ဆိုပါတယ်။ ဒီကုသမှုကို Functional Cure လို့ အမည်တပ်လိုက်ပြီး HIV ပိုးတွေက ကိုယ်ခန္ဓာထဲမှာ ရှိကောင်းရှိနိုင်မှာဖြစ်ပေမယ့် ရောဂါဖြစ်အောင် ဒုက္ခမပေးနိုင်တော့ဘူးလို့ ဆိုပါတယ်။ ဒီသတင်းကိုတော့ ဗြိတိန်နိုင်ငံထုတ် Plos Pathogern ဆေးပညာဂျာနယ်မှာ ဖော်ပြထားတာပါ။ ဒီလေ့လာချက်မှာ ဦးဆောင်ပါဝင်ခဲ့တဲ့ ပါမောက္ခ Christine Rougzioux ဟာ ပဲရစ်တက္ကသိုလ် Becker Hospital မှ ဆေးပညာရှင်တစ်ဦးဖြစ်ပြီး လွန်ခဲ့တဲ့ အနှစ် ၃၀ ခန့်က HIV ပိုးကို စတင်တွေ့ရှိခဲ့တဲ့ ဆေးပညာရှင်အဖွဲ့ထဲက တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ Mississipi ပြည်နယ်ထဲက ကလေးတစ်ဦးမှာတော့ မွေးရာပါ AIDS ရောဂါကို မွေးပြီး နာရီ ၃၀ အကြာကစပြီး ၁၈ လကြာ ဆေးပေးကုသခဲ့ရာ နောက်ထပ်ရောဂါပိုး လုံးဝမရှိတော့တာကို တွေ့ရတယ်လို့ ဆိုပါတယ်။

နောက်ထပ်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံ FDA အဖွဲ့ကြီးက လူအများခံစားနေရတဲ့ Multiple Sclerosis (M.S)လို့ခေါ်တဲ့ အာရုံကြော ရောင်ရောဂါတစ်မျိုးကို ကုသဖို့အတွက် ထိရောက်တဲ့ ဆေးတစ်ခုကို အတည်ပြုပေးခဲ့တဲ့သတင်းပါ။ ဒီဆေးကိုတော့ TECFIDERA လို့ခေါ်ပြီး ဒီဆေးဟာ စားဆေးဖြစ်လို့ အသုံးပြုရတာလည်း လွယ်ကူတယ်လို့ သိရပါတယ်။ ဒီဆေးတာရှည်သုံးစွဲသူတွေမှာ သွေးထဲမှာ သွေးဖြူဥကျဆင်းတာ၊ အစာအိမ်ထဲမှာ စနိုးစနောင့်ဖြစ်နိုင်တဲ့ ဘေးထွက်ဆိုးကျိုးတွေရှိတယ်လို့ ဒီဆေးအသုံးပြုသူတွေကို စမ်းသပ်မှုနှစ်ခုပြုလုပ်တာမှာ တွေ့ရပေမယ့် အာနိသင်အားဖြင့် အထူးကောင်းမွန်တဲ့ဆေးလို့ ဆိုထားပါတယ်။ M.S လို့ အတိုကောက်ခေါ်တဲ့ Multiple Sclerosis ရောဂါဟာ ဗဟိုအာရုံကြော System မှာဖြစ်တတ်တဲ့ နာတာရှည်ရောင်ရမ်းနာတစ်မျိုးဖြစ်ပြီး ဦးနှောက်နှင့် တခြားကိုယ်ခန္ဓာအစိတ်အပိုင်းဆက်နွယ်ထားတဲ့ အစိတ်အပိုင်းတွေကို ထိခိုက်ပြီး အာရုံကြောဆိုင်ရာ မသန်မစွမ်းမှုတွေ ဖြစ်နိုင်တဲ့ရောဂါပါ။ တချို့ဝေဒနာရှင်တွေမှာ မျက်စိအာရုံကြောမကြီး ရောင်ရမ်းပြီး မျက်စိမှုန်သွားခြင်း၊ ကွယ်သွားခြင်းကိုလည်း ဖြစ်စေနိုင်ပါတယ်။ ဒီရောဂါဟာ ပထမပိုင်းမှာ ဖြစ်လိုက် ပျောက်လိုက်ဖြစ်နေပြီး ပျောက်နေတဲ့ကာလဟာ ပထမပိုင်းမှာ ကြာပေမယ့် ရောဂါရင့်လာတာနဲ့အမျှ ပျောက်နေချိန်တိုတောင်းပြီး ကိုယ်ခန္ဓာမသန်စွမ်းမှုကိုလည်း ပိုဆိုးလာနိုင်တဲ့ ရောဂါပါ။ ဒီဆေးဟာ ဒီရောဂါအတွက် ထိရောက်တဲ့ဆေးတစ်ခုဖြစ်လို့ ဝမ်းသာစရာ သတင်းတစ်ခုအဖြစ် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Vitamin D နှင့် Calcium ဆေးတွေကို အမြဲတမ်း ဖြည့်စွက်စားနေခြင်းဟာ အရိုးအလွယ်တကူကျိုးတာကို အကာအကွယ်ပေးနိုင်တာမှန်ပေမယ့် ဆီးကျောက်တည်ရောဂါကိုလည်း ဖြစ်စေနိုင်တယ်ဆိုတာ သတိထားကြဖို့ အမေရိကန်ရောဂါကာကွယ်ရေး စောင့်ကြည့်အဖွဲ့ (US Preventive Service Task Force) က သတိပေးလိုက်ပါတယ်။ အသက်အရွယ်ကြီးရင့်သူတွေ၊ အရိုးဆတ်ရောဂါ (Oseteoporosis) ရှိသူတွေနဲ့ သွေးဆုံးပြီးစ အမျိုးသမီးတွေမှာတော့ အမှန်တကယ် ဖြည့်စွက်အာဟာရအဖြစ် လိုအပ်ပေမယ့် ကျန်တဲ့ငယ်ရွယ်သူတွေမှာ ဒီ Vitamin D နဲ့ Calcium ဓာတ်ကို နေရောင်ခြည်နဲ့ နေ့စဉ်စားသောက်နေတဲ့ လိမ္မော်ရည်၊ နွားနို့၊ ဒိန်ချဉ်၊ ဒိန်ခဲနှင့် အသားငါး၊ ဟင်းသီးဟင်းရွက်တွေက ရနိုင်တာကြောင့် မလိုအပ်ဘူးလို့ ထောက်ပြထားပါတယ်။ ဒါကို အရိုးအထူးကုဆရာဝန်တွေရဲ့ မှတ်ချက်နဲ့ ထုတ်ပြန်ခဲ့တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ရင်သားကင်ဆာဖြစ်ပွားနှုန်းဟာ အသက်ငယ်ရွယ်သူတွေမှာ နှစ်ဆနှုန်းတိုးလာနေတယ်ဆိုတဲ့ သတိပေးချက်တစ်ခုပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Washington University Seattle Hospital က ဆေးပညာရှင်တစ်စုက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ သာမန်အားဖြင့် အသက် (၄၀)အောက် အမျိုးသမီး ၁၇၃ ဦးမှာ တစ်ဦးဟာ ရင်သားကင်ဆာဖြစ်နိုင်ခြေရှိပါတယ်။ ဒီအထဲက ကင်ဆာရောဂါပျံ့နှံ့မှုဟာ ၁၉၇၆ ခုနှစ်ကထက် ၂၀၀၉ ခုနှစ်အတွင်း နှစ်စဉ် နှစ်ရာခိုင်နှုန်းခန့် ပိုတိုးလာတယ်လို့ဆိုပါတယ်။ ပျံ့နှံ့မှုဆိုတာ အရိုး၊ ဦးနှောက်၊ အဆုတ်စတဲ့ နေရာတွေကို ကင်ဆာရောက်နေတာပါ။ ဒါဟာ BRCA ဆိုတဲ့ Gene ရဲ့ Mutation နဲ့ ဆိုင်ပြီး အဝလွန်မှု၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးမှု၊ ကိုယ်ဝန်မဆောင်အောင်စားသုံးတဲ့ တားဆေးတွေကြောင့်လို့လည်း ထောက်ပြထားပါတယ်။ ဒီရောဂါပျံ့နှံ့နှုန်းဟာ အသက် (၂၅)နှစ်မှ (၃၉)နှစ်အရွယ်အတွင်းမှာ ၁၉၇၆ ခုနှစ်က လူ ၆၅၀၀၀ မှာ တစ်ဦးသာရှိခဲ့ပြီး ၂၀၀၉ ခုနှစ်မှာတော့ လူ ၃၄၀၀၀ မှာ တစ်ဦးနှုန်းတိုးလာခဲ့တယ်လို့ ဆိုပါ တယ်။ ဒါကြောင့် အသက်ငယ်ရွယ်သူတွေမှာလည်း ရင်သားကင်ဆာကို ပိုသတိထားကြဖို့ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မြန်အောင်၌ မြို့နယ်လုံးကျွတ် လယ်ယာမြေမှတ်ပုံတင်လက်မှတ် ပေးအပ်

မြန်အောင် အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ်တွင် အောက်တိုဘာ ၂၂ ရက်က မြို့နယ်လုံးကျွတ် လယ်ယာမြေမှတ်ပုံတင်လက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပြီးစီးအောင် ဆောင်ရွက်ခဲ့ကြသော မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များကို ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးတင်ဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်လုပ်ငန်းများနှင့် မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးပြီးစီးမှုအခြေအနေ၊ လယ်ယာမြေ မှတ်ပုံတင်ကြေး ပေးသွင်းပြီးစီးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များထံ ပေးအပ်ခဲ့ကြသည်။

မြန်အောင်မြို့နယ်အတွင်း ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအရ မှတ်ပုံတင်ပေးခဲ့သည့် ဦးပိုင်/လုပ်ကွက်ပေါင်း ၈၁၆၂၂ ခုကို မှတ်ပုံတင်လက်မှတ်ပုံစံ (၇) များထုတ်ပေးပြီး ဦးပိုင်တစ်ခုလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ပေးသွင်းရမည့် လယ်ယာမြေမှတ်ပုံတင်ကြေး ကျပ် ၄၀၈၁၁၀၀၀ ကိုလည်း မြန်မာ့စီးပွားရေးဘဏ် မြန်အောင်ဘဏ်ခွဲသို့ ပေးသွင်းပြီးဖြစ်ကြောင်း သိရသည်။

(ဝင်းဗိုလ်-မြန်/ဆက်)

အလုပ်ကြမ်းနှင့် တစ်သက်တစ်ကျွန်း အပြစ်ပေး

ခင်ဦး အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် ရှင်မင်းတွေကျေးရွာ၌မုဒိမ်းကျင့်လူသတ်မှုကို ရွှေဘိုခရိုင်တရားရုံးက တရားခံအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက်နံနက် ၇နာရီခွဲတွင် ခင်ဦးရဲစခန်း၌ တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေသော ဒုရဲအုပ် စိုးထက်မောင်မောင်သည် ခင်ဦးမြို့နယ် ရှင်မင်းတွေကျေးရွာ အရှေ့ဘက်လယ်ကြားမြောင်း၌ လူသေအလောင်းတွေ့ရှိကြောင်း သတင်းအရသွားရောက်စစ်ဆေးကြောင်း၊ သေဆုံးသူမှာ ရှင်မင်းတွေကျေးရွာ နေ မ--- ဖြစ်ကြောင်း အမှုဖွင့်စစ်ဆေးရာ ဆေးစာအရ သေဆုံးသူမှာ လည်ပင်းဖိညှစ်ခံရ၍ လေပြွန်ပိတ် အသက်ရှူရပ်၊ နှလုံးရပ်ကာ သေဆုံးကြောင်း သိရသည်။

ဆက်လက်၍ စခန်းမှူးရဲအုပ်ရဲခေါင်မြင့်က စုံစမ်းစစ်ဆေးအရေးယူဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူတရားခံမှာ ကျော်သူဝင်း အသက်(၂၄)နှစ် ရှင်မင်းတွေ ကျေးရွာနေသူဖြစ်ကြောင်း၊ ခရိုင်တရားရုံးသို့ ဇွန် ၁၉ ရက်တွင် တရားစွဲဆိုခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက်တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ဤအမှုဖြစ်ပွားရခြင်းမှာ တောရွာဓလေ့နွားကျောင်းရာမှ နွားပျောက်သဖြင့် ရွာအပြင်ဘက်တောထဲသို့ အချိန်မတော်သန်းခေါင်ယံအချိန် လူသူကင်းမဲ့နေရာသို့ နှစ်ဦးတည်း သွားရောက်ရာမှ အလိုမတူဘဲ အဓမ္မကျင့်လူသတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(ရောင်နီတင်ဝင်း)

အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆင်ခေါင်းလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ် (N-၃၁/ခ)၊ ဧရိယာ (၁. ၂၀)ဧကရှိ မြေနှင့်စပ်လျဉ်းပြီး ပိုင်ရှင်ဖြစ်သူ ဒေါ်ရီရီထွန်း (AV-၀၁၅၇၅၂)၏ အမွေဆက်ခံပိုင်ဆိုင်သူများ၏ တရားဝင်ခွင့်ပြုမိန့်မရရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းများ မပြုလုပ်ရန်ကြေညာအပ်ပါသည်။

ဒေါ်ရီရီထွန်း၏ အမွေဆက်ခံပိုင်သူ၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဘော်(စဉ်-၄၀၃၅) ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)
LL.B,DBL,DML,DIL,DLP,WIPO B.Sc,Hon(IC), HGP,R.L,D.B.L.
(Switzerland) တရားလွှတ်တော်ရှေ့နေများ

အမှတ် (၂၇)၊ ၁၂၂လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
TEL:294866,294766 HP:09-5017044, 09-73107094

ဖိနပ်ထုတ်လုပ်သည့်လုပ်ငန်းရှင်များဆက်သွယ်ကြရန်

[illegible]

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် လူစီးယာဉ် ၁၃၁၈ စီးနှင့်ဘတ်စ် ၄၂၄ စီးဝယ်ယူရန် ပြည်ထောင်စုလွှတ်တော်က ခွင့်ပြု

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့်၏ **ဌာနဆိုင်ရာယာဉ်အို/ယာဉ်ဟောင်းများအားဖျက်သိမ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သင့်တင့်သောယာဉ်များ အစားထိုးဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့စည်းများတွင် ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ မော်တော်ယာဉ်(၃၈၈၈၈)စီးရှိသည့်အနက် (၂၅၂၂၀)စီးသည် ယာဉ်အို/ယာဉ်ဟောင်းများဖြစ်ပါကြောင်း၊ အဆိုပါယာဉ်အို/ယာဉ်ဟောင်းများကိုဖျက်သိမ်းပြီး အစားထိုးလဲလှယ်ပေးမည်ဆိုပါက နိုင်ငံတော်က ဘတ်ဂျက်သန်းပေါင်းများစွာ အကုန်အကျခံရမည်ဖြစ်ပါကြောင်း၊ ပြုပြင်သုံးစွဲရန် တွက်ခြေမကိုက်သည့် ယာဉ်အို/ယာဉ်ဟောင်းများကို နိုင်ငံပိုင်စာရင်းမှ ပယ်ဖျက်၍ သံရည်ကျိုဖျက်ဆီးခြင်းကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စက်တင်ဘာ ၃၀ ရက်အထိ မော်တော်ယာဉ်ပေါင်း ၁၉၇၁ စီးအား သံရည်ကျို၍ စာရင်းမှပယ်ဖျက်ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများအနေဖြင့် ယာဉ်အို/ယာဉ်ဟောင်းများနေရာတွင် အစားထိုးအသုံးပြုရန်နှင့် ဖွဲ့စည်းပုံအရလိုအပ်သည့်နေရာများတွင် အသုံးပြုရန်အတွက် ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် လူစီးယာဉ် ၁၃၁၈ စီးနှင့် ဘတ်စ် ၄၂၄ စီး ဝယ်ယူရန်အတွက် ပြည်ထောင်စုလွှတ်တော်က ငွေလုံးငွေရင်း အသုံးစရိတ်ဘတ်ဂျက်ခွင့်ပြုပေးခဲ့ပါကြောင်း။

ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ

ထို့ပြင် ခွဲဝေထုတ်ပေးရန်တင်ပြသည့် မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာသိမ်းယာဉ်များမှ ထပ်မံထုတ်ပေးနိုင်သည့် ယာဉ်များကို ဆက်လက်ထုတ်ပေးသွားရန်ဖြစ်ပြီး ထုတ်ပေးနိုင်ခြင်းမရှိသည့် ယာဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများက ၎င်းတို့အစီအစဉ်ဖြင့် ဝယ်ယူနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ဘတ်ဂျက်လျာထားတင်ပြဆောင်ရွက်သွားရန်ခွင့်ပြုထားပါကြောင်းဖြင့်ပြန်လည် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် သယ်ငန်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းထားသော **အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၅/၂၀၀၄)ကိုပြင်ဆင်သည့်ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာပါပြင်ဆင်ချက်များအတိုင်း အတည်ပြုဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ **ဦးသိန်းညွန့်**က "ဒီဥပဒေရဲ့ အခန်း(၂) ပုဒ်မ ၃ မှာ ပြဋ္ဌာန်းထားတဲ့ရည်ရွယ်ချက်တွေက ကွန်ပျူတာနည်းပညာကိုအသုံးပြုပြီး ကိုယ့်တိုင်းပြည်တိုးတက်မှုအတွက် အသုံးချဖို့ အင်မတန်ကောင်းပါတယ်။ အခန်း(၁၂) ပုဒ်မ ၃၃ ကနေ ၃၇ အထိ ကြီးလေးတဲ့ ပြစ်ဒဏ်တွေဖြစ်နေတယ်။ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံတော်လုံခြုံရေး၊ အမျိုးသားယဉ်ကျေးမှုတွေနဲ့ပတ်သက်ပြီး ပြစ်ဒဏ်အနေနဲ့ ထောင်ဒဏ်(၇)နှစ်ကနေ(၁၅)နှစ်အထိ သတ်မှတ်ခဲ့တာရှိပါတယ်။ အဲဒါတွေဟာ လက်တွေ့မှာ နိုင်ငံရေးအရ အမြင်မတူသူတွေကို ထိန်းချုပ်ရာ ရောက်ပါတယ်။ ဥပဒေတွေကကောင်းပေမယ့် လက်တွေ့အသုံးချတဲ့အခါ ဒီနေ့ပွင့်လင်းတဲ့ ဒီမိုကရေစီစနစ်ကိုသွားတဲ့နေရာမှာ ဒီဥပဒေဟာ ပြန်လည်သုံးသပ်သင့်တဲ့ဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေကို လွှတ်တော်မှာ ဖျက်သိမ်းဖို့အထိ ဥပဒေကြမ်းတင်ခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနက လောလောဆယ်ကာလမှာ ဖျက်သိမ်းဖို့မသင့်သေးဘူး၊ ခေတ်ကာလနဲ့မညီတဲ့အတွက် ပြန်ပြင်သင့်တယ်လို့ သဘောထားပေးတဲ့အတွက် ဒီဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်း ပြန်တင်တာ ဖြစ်ပါတယ်။

သယ်ငန်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်

ကျွန်တော်နဲ့ဥပဒေကြမ်းကော်မတီရဲ့ကွာခြားချက်ကတော့ ကျွန်တော်က တတ်နိုင်သမျှ ထောင်ဒဏ်တွေကို လျှော့ထားတယ်။ ကော်မတီက အချို့ပြန်တိုးထားတယ်။ ပုဒ်မ ၃၃ မှာ အလွယ်တကူ ထောင်ချလို့မရအောင် ကင်းလွတ်ခွင့်ထည့်ထားတယ်။ ကျန်တဲ့နေရာမှာလည်း ငွေဒဏ်ကို အရင်သတ်မှတ်တယ်။ ငွေဒဏ်မဆောင်မှ ထောင်ဒဏ်လို့ပါတယ်။ ရှင်းရှင်းပြောရရင် ဒီဥပဒေဟာ မြန်မာပြည်ရဲ့ဥပဒေသမိုင်းမှာ အလှည့်အပြောင်းတစ်ခုပါ။ ထောင်ချမယ်၊ ငွေဒဏ်ဆောင်ရမယ်၊ ထောင်ဒဏ်နဲ့ငွေဒဏ်ချမယ်ဆိုတဲ့ခံယူချက်တွေကို ပြောင်းပစ်နိုင်လို့ နည်းပညာသမားတွေအနေနဲ့ ပြစ်ဒဏ်ကျစရာမရှိတော့လို့ ဝမ်းသာပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို အောက်တိုဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

သတင်းမီဒီယာဥပဒေကြမ်းအပေါ်တွင် ပြင်ဆင်ချက် အချက် (၂၁) ချက်အား အချက်တစ်ချက်ချင်းအလိုက် စိစစ်ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၂

အမျိုးသားလွှတ်တော်က ပေးပို့လာသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနှင့်သတင်းမီဒီယာ ဥပဒေကြမ်းများ အတည်ပြုနိုင်ရေး ဥပဒေကြမ်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက လွှတ်တော်ရုံး၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော် အားကစား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**(ဓာတ်ပုံ)**

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လမ်းညွှန်မှုပြုထားသော လွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေရေး၊ လက်ရှိပြောဆိုရေးသားမှုများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေသော အသုံးအနှုန်းများ ဖြစ်ပေါ်နေသည့်အပေါ်တွင် တားမြစ်စေသည့် ကျင့်ဝတ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ ပြဋ္ဌာန်းနိုင်ရေး၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် စာနယ်ဇင်းကောင်စီ(ယာယီ)၏ တင်ပြချက်များအပေါ်တွင် ဘက်လိုက်မှုမရှိစေရေးမှာကြားချက်များကို ကော်မတီဥက္ကဋ္ဌဦးတီခွန်မြတ်က ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာဥပဒေကြမ်းအပေါ်တွင်ပြင်ဆင်ချက်အချက် (၂၁) ချက်အား အချက်တစ်ချက်ချင်းအလိုက် စိစစ်ဆွေးနွေးခဲ့ကြပြီး ပြည်သူ့လွှတ်တော် အားကစား၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးကော်မတီက ပြန်လည်ညှိနှိုင်းရန်လိုအပ်သည့် အချက်များအပေါ်တွင် ဖြည့်စွက်ပြီးမှသာ အစည်းအဝေးဆက်လက်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဘုရင့်နောင်ပွဲရုံဝန်းကျင် ယာဉ်ကြောပိတ်ဆို့မှုပိုမိုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂၂

ဘုရင့်နောင်ပွဲရုံဝင်းရှေ့ ဘုရင့်နောင်လမ်းမကြီး လမ်းလယ်ကွန်ကရစ်လမ်းစတင်ခင်းကျင်းနေရာ ဘုရင့်နောင်ပွဲရုံ ပြန်လည်ဖွင့်လှစ်သော အောက်တိုဘာ ၂၁ နှင့် ၂၂ ရက်တို့တွင် ယာဉ်ကြောပိတ်မှု၊ ခရီးသည်တင်ယာဉ်များ လမ်းကြောင်းပြောင်း ပြေးဆွဲမှုတို့ကြောင့် ယင်းနေရာဝန်းကျင်တွင် အလုပ်လုပ်သူများ၊ ဖြတ်သန်းသွားလာနေသူများ သွားလာရေးအခက်အခဲနှင့် ကြုံတွေ့ရသည်ဟု ယင်းနေရာဝန်းကျင်တွင် အလုပ်လုပ်ကိုင်နေသူများကဆိုသည်။

ကွန်ကရစ်လမ်းခင်းမှုကြောင့် ပုံမှန်ရက်များတွင်ပင် နေ့တစ်ဝက်ကြာယာဉ်ပိတ်ဆို့မှုဖြစ်ပွားတတ်သော ဘုရင့်နောင်ပွဲရုံဝင်းဝန်းကျင်တွင် ယခုအခါ ယာဉ်ကြောပိုမိုပိတ်ဆို့လာကြောင်း၊ အထူးသဖြင့် ပွဲရုံဝင်း ကံ့ကော်လမ်းမသို့ဝင်မည့် ကုန်ကားမျိုးစုံ လမ်းအလယ်တွင် ပိတ်ဆို့ရပ်ထားသဖြင့် မြို့ထဲမှလာသောယာဉ်မျိုးစုံသည် ဘုရင့်နောင်မီးပွိုင့်ကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းဖြတ်ခဲ့ရသော်လည်း မီးပွိုင့်အလွန်တွင် ထပ်မံအချိန်ကုန်စောင့်ဆိုင်းနေရပြန်သည်ဟု ယာဉ်မောင်းများက ဆိုသည်။

ဘုရင့်နောင်ပွဲရုံဝင်း အဝင်၊ အထွက်ယာဉ်များ လမ်းညွှန်ပြသမှု အားနည်းသဖြင့် လမ်းမပေါ်တွင် ယာဉ်ပိတ်ဆို့မှု ပိုမိုဖြစ်ပွားရကြောင်း၊ အောက်တိုဘာ ၂၁ ရက်နှင့် ၂၂ ရက်နေ့လယ်ထိ ဘုရင့်နောင်လမ်းမ၏ ဘုရင့်နောင်ပွဲရုံအဝင်လမ်းထိပ်များတွင် ယာဉ်ပိတ်ဆို့မှုများဖြစ်ပွားနေကြောင်း၊ ခရီးသည်တင်ယာဉ်အများစု လမ်းကြောင်းပြောင်းပြေးဆွဲမှုကြောင့် ပွဲရုံဝန်းကျင်သွားလာသူများ ခြေကျင်ခရီးသွားလာနေရသဖြင့် အမျိုးသမီး၊ ကလေးသူငယ်၊ သက်ကြီးရွယ်အိုများ နေ့စဉ်သွားလာရေးတွင် အခက်အခဲဖြစ်နေရသည်ဟုဆိုသည်။

ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှုများနှင့် သဘာဝမကျသော ဘုရင့်နောင်ပွဲရုံဝန်းကျင် ဘုရင့်နောင်လမ်းဆုံနှင့် လမ်းမတို့တွင် ကွန်ကရစ်လမ်းခင်းမှုကြောင့် ပြည်သူများကြုံတွေ့နေရသော သွားလာရေးအခက်အခဲများကို သက်ဆိုင်ရာမှ အမြန်ဆုံးဖြေရှင်းပေးစေလိုသည်ဟု ယင်းဝန်းကျင်တွင်အလုပ်လုပ်သူများကဆိုသည်။

ကွန်ကရစ်လမ်းခင်းရာတွင် ပုံမှန်ရက်များတွင်ပင် နေ့တစ်ဝက်ကြာယာဉ်ပိတ်တတ်သည့် ဘုရင့်နောင်လမ်းမပေါ်တွင် ကြိုတင်စီမံခန့်ခွဲမှုများလိုအပ်ပြီး လမ်းခင်းနေချိန်တွင်လည်း စည်းကမ်းတကျမောင်းနှင်သွားလာရေးကို အင်အားလုံလောက်စွာဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း ပွဲရုံလုပ်ငန်းရှင်တစ်ဦးကဆိုသည်။ သို့မှသာ ခရီးသွားများ၊ ခရီးသည်တင်ယာဉ်များ လွယ်ကူစွာစီးနင်းလာနိုင်ပြီး နေ့စဉ်ခြေကျင်လျှောက်နေရသည့် ဒုက္ခမှကင်းလွတ်နိုင်မည်ဖြစ်သကဲ့သို့ ပွဲရုံလုပ်ငန်းများလည်း ပုံမှန်လုပ်ကိုင်နိုင်မည်ဟု ဝန်ထမ်းအမျိုးသမီးများနှင့် ပွဲရုံလုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

(မောင်စေအောင်)

မြို့နယ်တစ်ခွင် သန့်ရှင်းဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီတည်ထောင်ခွင့်လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးခန်ဒါးယော်ပါ (၁၈)ဦးတို့က လျှောက်ထားသည့် ကချင်အမျိုးသားများဒီမိုကရေစီကွန်ဂရက်ပါတီ တည်ထောင်ခွင့်လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်းတွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂၂ ရက်တွင် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ **စွမ်းအင်မှ**

အတွင်းရေးမှူး၊ အမျိုးသားလွှတ်တော် သဘ္ဘာနှင့် သယံဇာတရေးရာကော်မတီ အတွင်းရေးမှူး၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ မြန်မာ့ပြန်ပြည့်မြဲစွမ်းအင်အသင်း အထွေထွေအတွင်းရေးမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသည့် ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ နာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ တတိယအကြိမ်ပြုလုပ်သော အစည်းအဝေးဖြစ်ကြောင်း၊ ယနေ့ စွမ်းအင်ကဏ္ဍတွင် စိတ်ချရပြီး ရေရှည်တည်တံ့မည့် စွမ်းအင်အရင်းအမြစ်များကို ဖော်ထုတ်အသုံးချနိုင်သည့် အခြေခံအဆောက်အအုံ၊ ဖွဲ့စည်းမှုနှင့် လူသားအရင်းအမြစ်ဆိုင်ရာစွမ်းရည်များ အားနည်းခြင်း၊ မလုံလောက်ခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပါကြောင်း၊ ယင်းပြဿနာများကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုအချိုး လျော့ကျခြင်း၊ နည်းပညာဆိုင်ရာလေလွင့်ဆုံးရှုံးမှုမြင့်မားခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပို့လွှတ်ခြင်းနှင့် ဖြန့်ဖြူးခြင်းကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခြင်းတို့ကြောင့် ယုံကြည်စိတ်ချရမှုရှိသည့် စွမ်းအင်ထောက်ပံ့မှုမပေးနိုင်ခြင်းအပြင် ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတွင်လည်း ရင်းနှီးမြှုပ်နှံမှုအကန့်အသတ်ရှိသည့်အတွက် စွမ်းအင်သဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက် အသုံးမချနိုင်ခြင်း စသည့် စွမ်းအင်ကဏ္ဍအကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာရကြောင်း၊ အဆိုပါ သက်ရောက်မှုများကြောင့် နိုင်ငံတော်၏လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် မိမိတို့ထင်သလောက်ခရီးမပေါက်ခဲ့ပါကြောင်း၊ ထိုသို့ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုထိခိုက်နေသည့် သက်ရောက်မှုများကို ဖြေရှင်းဆောင်ရွက်ရန်အတွက် တိကျခိုင်မာသည့် အမျိုးသားစွမ်းအင်မူဝါဒလိုအပ်ချက်အရရေးဆွဲရာတွင် မူဝါဒ၏ ရေရှည်မျှော်မှန်းချက်အမြင်(vision)အနေဖြင့် နိုင်ငံသားအားလုံး၏ ဘဝအရည်အသွေး မြင့်မားရေးအတွက် စိတ်ချယုံကြည်ရပြီး ရေရှည်တည်တံ့သော အရည်အသွေးပြည့်ဝသည့် စွမ်းအင်ဝန်ဆောင်မှုများပေးနိုင်ရန်နှင့် လိုက်နာသင့်သည့် လမ်းညွှန်ဥပဒေသများ (Guiding Principles)ကို ယခင်အစည်းအဝေးများတွင် မိမိဆွေးနွေးခဲ့ပြီးဖြစ်ပါကြောင်း။

စွမ်းအင်စီမံကိန်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့် ရေရှည်တည်တံ့ခိုင်မြဲသည့်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအရ လက်သင့်ခံနိုင်သည့်၊ စီးပွားရေးအရတွက်ခြေကိုက်သည့် စွမ်းအင်ထောက်ပံ့မှုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားလုံခြုံရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်ကို အစဉ်သတိပြုရမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ လေစွမ်းအင်၊ နေစွမ်းအင်၊ ဘူမိအပူ၊ ဇီဝဒြပ်ထု၊ ရေအားလျှပ်စစ် စသည့် စွမ်းအင်အရင်းအမြစ်များကိုသုံးစွဲရာတွင် ဟန်ချက်ညီပေါင်းစည်းပေးရန်လိုအပ်ပါကြောင်း၊ စွမ်းအင်ဆိုင်ရာ ကောင်းမွန်သည့် နည်းပညာအသုံးပြုမှုများကို အရှိန်အဟုန်မြှင့်တင်နိုင်ရန်နှင့် သယ်ယူပို့ဆောင်ရေး၊ အိမ်သုံးလျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများဆိုင်ရာ စွမ်းအင်နည်းပညာသစ်များ ဖွံ့ဖြိုးတိုးတက်ရန် ရေရှည်တည်တံ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစဉ်များ လိုအပ်ပါကြောင်း၊ ထို့အပြင် စွမ်းအင်ထိန်းသိမ်းမှုနှင့် အကျိုးရှိထိရောက်စွာ ခြိုးခြံသုံးစွဲမှုတို့ကိုလည်း ထည့်သွင်းရမှာဖြစ်ပါကြောင်း။

ရေတိုကာလ စွမ်းအင်ဖူလုံမှုနှင့် လျှပ်စစ်မီးရရှိရေးစဉ်းစားရာတွင် လက်ရှိသုံးစွဲနေသော လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှု၊ ဖြန့်ဖြူးမှုဆိုင်ရာ စက်ပစ္စည်းနှင့် ကွန်ရက်စနစ်များစစ်ဆေး၍ စွမ်းရည်မြှင့်တင်ခြင်းကို နည်းပညာစစ်ဆေးမှုအစီရင်ခံစာများအရ ထိရောက်စွာဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ထို့အပြင်စွမ်းအင်နှင့်လျှပ်စစ်မီးသုံးစွဲမှု စီးပွားရေးစစ်တမ်းများအရ ဝယ်လိုအားနှင့်ရောင်းလိုအားကို တိကျမှန်ကန်သောစွမ်းအင်ဆိုင်ရာ ကိန်းဂဏန်းများအပေါ် အခြေပြု၍ စနစ်တကျတွက်ချက်ရမှာဖြစ်ကြောင်း၊ ဝယ်လိုအားများကို ဖြည့်ဆည်းပေးနိုင်မည့် ဓာတ်အားပေးစက်ရုံများ တည်ထောင်ရင်းနှီးမြှုပ်နှံမှုများကို အားပေးသွားရန်လိုအပ်ကြောင်း၊ စက်မှုဇုန်များအလိုက် လျှပ်စစ်လိုအပ်ချက်ကို မဟာဓာတ်အားလိုင်းမှ မဖြည့်ဆည်းပေးနိုင်သည့်အချိန်များတွင် ပုဂ္ဂလိက ဓာတ်အားထုတ်လုပ်ရောင်းချမှုကို လွယ်ကူရိုးရှင်းစွာဆောင်ရွက်နိုင်ရေး ပံ့ပိုးသွားရန်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများလည်းအကျိုးရှိ၊ သုံးစွဲသူများလည်း သက်သာစေမည့် လျှပ်စစ်ဈေးနှုန်းများဖြစ်စေရန်လိုအပ်ကြောင်း၊ ပုဂ္ဂလိက လျှပ်စစ်ထုပ်လုပ်မှုအတွက် ခိုင်မာသော ဥပဒေများ၊ လျှပ်စစ်ဓာတ်အားဝယ်ယူရေး သဘောတူစာချုပ်များကိုလည်း နိုင်ငံတကာစံနှုန်းများနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းကျင့်သုံးရန် လိုအပ်ကြောင်း၊ စွမ်းအင်နှင့် လျှပ်စစ်ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ပြည်သူလူထု၏ ထင်မြင်ချက်နှင့် ဆန္ဒသဘောထားများကို အလေးထား၍ ပြုပြင်ဖြည့်ဆည်းပေးသွားရန်ဖြစ်ပါကြောင်း၊ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်တည်ဆောက်ရေးအတွက်ကိုလည်း ကော်မတီအတွင်းပါဝင်သောဌာနအချင်းချင်း အလေးအနက်ထားပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုနိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် မူဝါဒဆိုင်ရာဆွေးနွေးမှုများပြုလုပ်ပြီး နည်းပညာအထောက်အပံ့ရယူခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

သို့ပါ၍ ရေးဆွဲပြီးဖြစ်သည့် အမျိုးသားစွမ်းအင်မူဝါဒမူကြမ်းကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပေမိဒေါက်မီ၊ စံမီကိုက်မီဖြစ်စေရေးအတွက် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ပညာရှင်များက ဘက်ပေါင်းစုံမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က (၃၁)ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ဆွေးနွေးချမှတ်ခဲ့သော မူဝါဒပိုင်းဆိုင်ရာကိစ္စရပ်များနှင့် သဘောတူဆုံးဖြတ်ချက်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လျှပ်စစ်စွမ်းအားကဏ္ဍဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု၊ ထုတ်လုပ်၊ ထုတ်လွှတ်၊ ဖြန့်ဖြူးရေးဆိုင်ရာကိစ္စရပ်များနှင့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အာရှဖွံ့ဖြိုးရေးဘဏ်မှ International Energy Sector Advisor Mr. Sadiq H. Zaidi က မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် ပြုစုရေးဆွဲထားသော Draft Working Paper ပါ အချက်အလက်များကိုလည်းကောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ National Energy Sector Advisor ဦးစိုးမြင့်က စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူးက ကော်မတီ၏ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် အမျိုးသားစွမ်းအင်မူကြမ်းကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စွမ်းအင်နှင့်သက်ဆိုင်သည့် လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ စွမ်းအင်နှင့်သက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်အောင်က သတ္တုတွင်းဝန်ကြီးဌာန၏ စွမ်းအင်နှင့်သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်မှုဝန်ကြီးဌာန၏ စွမ်းအင်နှင့်သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီအသီးသီးတို့မှ အတွင်းရေးမှူးများ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် ပညာရှင်များက အမျိုးသားစွမ်းအင်မူဝါဒများအပေါ် ၎င်းတို့၏ အတွေ့အကြုံများကိုအခြေခံ၍ ဘက်ပေါင်းစုံမှ သုံးသပ်ဆွေးနွေးကြပြီး ရေးဆွဲပြီးဖြစ်သည့် အမျိုးသားစွမ်းအင်မူဝါဒ(မူကြမ်း)တွင် ထပ်မံဖြည့်စွက်ရန် လိုအပ်သည့်အချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတဦးညဏ်ထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

◆**ဆီဒိုးနားဟိုတယ်မှ**

လာမည့် ၂၀၁၅ ခုနှစ်သို့ အရောက်တွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည် သုံးသန်းဝင်ရောက်ရန် သက်ဆိုင်ရာမှ ရည်မှန်းထားပြီး ထိုအချိန်၌ ဟိုတယ်အခန်းအရေအတွက် လိုအပ်ချက်မှာလည်း မြင့်တက်လာနိုင်ရာ ယခုကဲ့သို့ကြယ်ငါးပွင့်အဆင့်ရှိ ဆီဒိုးနားဟိုတယ်၏ ၂၉ ထပ်မြင့် ဆက်စပ်ဟိုတယ်အသစ်သည်လည်း ဟိုတယ်အခန်း လိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ရည်မှန်းချက်တွေပြည့်ဖို့အတွက် ကျွန်တော်တို့နိုင်ငံအနေနဲ့ အခုအချိန်မှာ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ လိုအပ်တဲ့အခြေခံအဆောက်အအုံတွေကို တည်ဆောက်နေပါတယ်၊ မော်တော်ကား၊ မီးရထားလမ်းတွေ အဝင် ရန်ကုန်မြို့ကနေ ကီလိုမီတာ ၈၀ လောက်ဝေးတဲ့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးလို မျိုးတွေ အပါအဝင် အခြေခံအဆောက်အအုံတွေ တည်ဆောက်နေပါတယ်။ အခုတည်ဆောက်မယ့် ဆီဒိုးနားဟိုတယ် Phase 2 ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ခရီးသွားလုပ်ငန်း အခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်ရေး ရေရှည်စီမံကိန်းအကောင်အထည်ဖော်ရာမှာအထောက်အကူတစ်ခုဖြစ်လာပါလိမ့်မယ်" ဟု ယင်းပန္နက်တင်အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သူ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က ပြောပြသည်။

(သီဟသူ)

● **ကျောဖုံးမှ**

လိုလားတောင့်တနေသောကြောင့် မိမိတို့၏လုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်မှုများ ရရှိအောင် ဆွေးနွေးညှိနှိုင်းပြီး နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုတွင် အားလုံးပါဝင်လာနိုင်ရန်အတွက် လက်တွဲ၍ အတူတကွကြိုးစားဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးသန်းဌေး၊ တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် မောင်မောင်အုန်းနှင့် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး တို့က တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုများ တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ လမ်းပန်းဆက်သွယ်သွားလာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို အသီးသီး ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် (KNPP)အဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ခူဦးရယ်က အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် လက်နက်ကိုင်အဖွဲ့များ ပိုမိုများပြားပါကြောင်း၊ မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၆၀ ကျော်ကြာ ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်း၍ အချိန်တိုအတွင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရခြင်းသည် အင်မတန်ခဲယဉ်းပါကြောင်း။

အခြားနိုင်ငံများတွင်လည်း ငြိမ်းချမ်းရေးနှင့် နိုင်ငံရေး၊ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သည့်အခါ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာလျက်ရှိသည်ကို လေ့လာသိရှိရပါကြောင်း။

သို့သော်လည်း မိမိတို့သည် အချိန်တိုအတွင်း အဆင့်(၁)ခုသို့ ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အပစ်အခတ်ရပ်စဲသည့် ယာယီငြိမ်းချမ်းရေးမှ ထာဝရငြိမ်းချမ်းရေးရရှိပြီး နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်သည်အထိ အချိန်ပေးပြီး စိတ်ရှည်သည်းခံမှု အပြည့်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်လိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ (KNPP) အဖွဲ့မှ ဦးစီးချုပ်ဗိုလ်ချုပ်ဘီထူးက မိမိတို့သည် တစ်ဖက်နှင့်တစ်ဖက်ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ခိုင်မာမှုရှိရန်လိုအပ်သည့်အတွက် ယနေ့ဆွေးနွေးပွဲမှ ခိုင်မာသည့်ရလဒ်များ ရရှိအောင် ဆွေးနွေးညှိနှိုင်းပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများမှ မပြီးပြတ်သေးသည့်အကြောင်းအရာများဖြစ်သော ပူးတွဲစောင့်ကြည့်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းရေးဆိုင်ရာများ၊ ဒေသတွင်း လေ့လာစောင့်ကြည့်ရေးအဖွဲ့ဆိုင်ရာများ၊ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ရေး၊ နယ်မြေလုံခြုံရေးအရ နေရပ်စွန့်ခွာ၍ နေကြရသူများအား ၎င်းတို့နေထိုင်ရာ ကျေးရွာများသို့ ပြန်လည် ပို့ဆောင်ရေး၊ နေရာချထားရေး၊ နေထိုင်/လုပ်ကိုင် စားသောက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ညပိုင်းတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့်အဖွဲ့ဝင်များသည် ဒုတိယဥက္ကဋ္ဌ ခူဦးရယ် ခေါင်းဆောင်သော (KNPP)မှ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ တပ်နယ်ခန်းမ၌ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(KNPP)အဖွဲ့တို့ တတိယအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပစဉ်။

(သတင်းစဉ်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၅ ။)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်

(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို** ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၇ တို့တွင် ပါရှိသော " two hundred kyats "ဆိုသည့်စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၃) တွင်ပါရှိသော "fifty kyats" ဆိုသည့် စကားရပ်ကို "twenty thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (၂)တွင် ပါရှိသော -

(က) "one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "to the State"ဆိုသည့် စကားရပ်ကို "to the Republic of the Union of Myanmar " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ (၁) တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "relevant Ministry " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများအက်ဥပဒေပုဒ်မ ၁၉ တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Finance " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေ ပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce may, with the approval of the Union Government " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၄) ၌ ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry of Commerce with the approval of the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လုံခြုံရေးအထောက်အကူပြုပစ္စည်းများ တပ်ဆင်ပြီး လုံခြုံရေးဝန်ထမ်းများအား လေ့ကျင့်ခန့်ထားရန်လို

ရန်ကုန် အောက်တိုဘာ ၂၂

"နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ နိုင်ငံတကာနှင့်ကူးလူးဆက်ဆံပြီး တံခါးဖွင့်ထားတဲ့အချိန် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာနေကြကြောင်း၊ နိုင်ငံခြားသား အဝင်အထွက် အများဆုံးဖြစ်တဲ့ ရန်ကုန်လေဆိပ်မှာ တစ်ရက်လျှင် နိုင်ငံခြားသားဧည့်သည် ၁၅၀၀ မှ ၂၀၀၀ ထိ ဝင်ထွက်သွားလာနေကြောင်း၊ နိုင်ငံတကာမှကူးလူးဆက်ဆံပြီး တစ်နိုင်ငံလုံးရဲ့ ဝင်ပေါက်ဖြစ်နေကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ဟိုတယ်လုပ်ငန်းရှင်များဘက်ကလည်း အကျိုးအမြတ်ရှိနေကြောင်း၊ ဟိုတယ်တွေအကျိုးမြတ်ရနေချိန်မှာ ဟိုတယ်နဲ့ပတ်သက်ပြီး လုံခြုံရေး အထောက်အကူပြုပစ္စည်းတပ်ဆင်ပြီး လုံခြုံရေးဝန်ထမ်းများအား သေချာလေ့ကျင့်ပေးပြီး ခန့်ထားပေးဖို့တိုက်တွန်းလိုကြောင်း။

အာဆီယံဆီးဂိမ်းလည်းမကြာခင် ကျင်းပတော့မည်ဖြစ်၍ ပြည်တွင်းလာရောက်မည့် ခရီးသွားဧည့်သည်များ ယုံကြည်မှုရအောင် လုပ်ဖို့လိုကြောင်း၊ လုံခြုံရေးဆိုတာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ချည်းလုပ်လို့မရဘဲ ပြည်သူအားလုံး ပူးပေါင်းပါဝင်မှရမှာဖြစ်ကြောင်း၊ ဟိုတယ်၊ မိုတယ်လုပ်ငန်းရှင်များဘက်ကလည်း လုံခြုံရေးကို အထူးဂရုစိုက်ပေးစေလိုကြောင်း" ဖြင့် ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုတယ်လုပ်ငန်းရှင်များ တွေ့ဆုံပွဲ၌ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်ဝင်းကပြောသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်က "ဟိုတယ်လုပ်ငန်းရှင်များကလည်း မိမိတို့လုပ်ငန်းတိုးတက်စေဖို့၊ လုံခြုံစေဖို့အတွက် လုံခြုံရေးအထောက်အကူပြုစက်ပစ္စည်းများ တပ်ဆင်ပေးဖို့လိုကြောင်း၊ တပ်ဆင်ထားခြင်းအားဖြင့် မသမာသူများအား ဟန့်တားရာရောက်ကြောင်း၊ ဟိုတယ်လုံခြုံရေးဝန်ထမ်းများခန့်ထားရာမှာလည်း လုံခြုံရေးအမြင်ရှိတဲ့ ဝန်ထမ်းများခန့်ထားဖို့လိုကြောင်း၊ လုံခြုံရေးစက်ပစ္စည်းကိရိယာများ ကိုင်တွယ်တတ်အောင် လေ့ကျင့်ပေးထားဖို့လိုကြောင်း၊ CCTV ကင်မရာများ တပ်ဆင်ထားခြင်းကြောင့် မှုခင်းတွေကို ဖော်ထုတ်နိုင်ခဲ့ကြောင်း" ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများနှင့် ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး ခန့်အပ်ခြင်းအားသဘောတူ

နေပြည်တော် အောက်တိုဘာ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာ ကင်မ်ပေးယွန်၏နေရာတွင် မစ္စတာလီဘက်ဆွန်းအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရက သဘောတူလိုက်ပြီဖြစ်သည်။

မစ္စတာလီဘက်ဆွန်းကို ၁၉၅၉ ခုနှစ် ဇွန်လတွင်မွေးဖွားခဲ့ပြီး ၁၉၈၂ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်များတွင် ဆိုးလ်အမျိုးသားတက္ကသိုလ်မှ ဂျာမန်ဘာသာအထူးပြုဖြင့် ဝိဇ္ဇာဘွဲ့နှင့် နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့တို့ကို ရရှိခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားတက္ကသိုလ်မှ နိုင်ငံခြားရေးရာမဟာဘွဲ့ကိုလည်းရရှိထားသူဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ၁၉၈၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၁၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စက်တင်ဘာလအထိ ကိုရီးယားသမ္မတနိုင်ငံ သမ္မတရုံးတွင် ဒုတိယအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ပြည့်နှစ် စက်တင်ဘာလတွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနတွင် လူသားအရင်းအမြစ်ရေးရာ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် မြောက်အမေရိကရေးရာဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ကာ လက်ရှိအချိန်အထိ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာလီဘက်ဆွန်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားနှစ်ယောက်ရှိသည်။ **(သတင်းစဉ်)**

လာမည့်နိုဝင်ဘာ ဒီဇင်ဘာလတွင် ပြောင်းဈေးပြန်ကျနိုင်

ရန်ကုန် အောက်တိုဘာ ၂၂

ပြည်တွင်းရှိ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ် သုံးစွဲနေသောပြောင်းသည် လာမည့် နိုဝင်ဘာ၊ ဒီဇင်ဘာလတို့တွင် ဈေးနှုန်းများ ပြန်လည်ကျဆင်းမည့် အခြေအနေရှိနေကြောင်း မြန်မာနိုင်ငံ ငါးပုစွန်ထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ ဒေါက်တာသက်မျိုးက ပြောသည်။

ယခုလက်ရှိတွင် ပြည်တွင်းဈေးကွက်၌ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသများ၊ ပျဉ်းမနား၊ လယ်ဝေးဒေသများ၊ ဇလွန် စသည့်ဒေသတို့မှ ပြောင်းသစ်ဝင်ရောက်လာခြင်းကြောင့် ပြောင်းဈေးနှုန်းများလည်း ယခင်ကရှိနေသော ဈေးနှုန်းအောက်သို့ ပြန်လည်ကျဆင်းလာကြောင်း၊ ပြောင်းဈေးကွက်တွင် ယခင်က တစ်ပိဿာလျှင် ၅၃၇ ကျပ်ဈေးမှ ကျပ် ၅၂၀၊ ကျပ် ၅၀၀၊ ၅၁၈ ကျပ် စသည်ဖြင့် အသီးသီး ကျဆင်းလာခဲ့ရာမှ ယခုအောက်တိုဘာလတွင် ၄၀၅ ကျပ်မှ ၄၀၉ ကျပ်ကြားသာရှိပြီး ဆက်လက်ကျဆင်းနိုင်မည်ဟု ခန့်မှန်းလာကြကြောင်း သိရသည်။

"အခု ထွက်တဲ့ပြောင်းတွေက အရည်အသွေးပိုင်းမှာ ရေငွေ့ပါဝင်မှုများနေလို့ ရောင်းလို့ မကိုက်ဘူး။ ရှေ့ဆက်ပြီး ခန့်မှန်းရရင် ပြောင်းဈေးကျဖို့ရှိနေသေးတယ်"ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။ အဆိုပါ ပြောင်းဈေးကျဆင်းရန်ခန့်မှန်းထားသည့် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် ပြောင်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ဈေးအောက်၌ ရှိနေမည်ဖြစ်ကြောင်း သိရသည်။

(ထက်ခိုင်-စမ်းချောင်း)

စိမ်းလန်းသာယာလှပသော မန္တလေးမြို့တော်ဖြစ်စေရန် စီမံကိန်းရေးဆွဲမည်

မန္တလေး အောက်တိုဘာ ၂၂

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ ပူးပေါင်း၍ အစဉ်စိမ်းလန်းသာယာလှပသော မြို့တော် (Green City Plan)ရေးဆွဲရေးအချက်အလက်များ ကောက်ယူသွားမည်ဖြစ်သည်။**(အပေါ်ပုံ)** မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်တို့တွင် တစ်မြို့နယ် အိမ်ထောင်စု ၁၀၀ နှုန်း ခြောက်မြို့နယ် အိမ်ထောင်စု ၆၀၀ အား အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၅ ရက်ထိ အဖွဲ့ငယ်များဖြင့် ခေါင်းစဉ်ခြောက်မျိုး၊ အချက်အလက် ၇၃ ခုအား ကွင်းဆင်းကောက်ယူမည်ဖြစ်သည်။

မန္တလေးမြို့တော်အား အစဉ်စိမ်းလန်းသာယာလှပသော မြို့တော်ဖြစ်စေရန်၊ ရေရှည်စီမံကိန်းများရေးဆွဲရာတွင် မှန်ကန်စေရန် ပကတိမြေပြင်ရှိ အချက်အလက်အမှန်များရရှိရေးအတွက် အရေးကြီးသဖြင့် မြို့နေပြည်သူများ ဝိုင်းဝန်းကူညီကြစေလိုကြောင်း၊ ကောက်ခံရရှိသော ကိန်းဂဏန်းအချက်အလက်များပေါ်မူတည်၍ မန္တလေးမြို့ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာရှ ဖွံ့ဖြိုးရေးဘဏ်မှ ပညာရှင် Mr.Alistair C Blunt က ပြောကြားခဲ့သည်။

သီဟကိုကို(မန္တလေး)

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့အခြေစိုက် Honbeot Welyare Foundation ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းအသင်းဥက္ကဋ္ဌ ဦးမြတ်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ကိုးဦးတို့သည် အောက်တိုဘာ ၂၀ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ကိုရီးယားနိုင်ငံသို့ လေ့လာရေးခရီးမထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(ခင်မောင်ဝင်း-ကြေးမုံ)

ပညာဥယျာဉ်တစ်ခု ဖျာပုံတွင် ဖွင့်လှစ်

အောင်ဝင်း(ဖျာပုံ)

ဒို့တစ်တွေဟာ ဖျာပုံမှာမွေး၊ ဖျာပုံမှာကြီး၊ ဖျာပုံရေကို သောက်၊ ဖျာပုံဆန်ကိုစား၊ ဖျာပုံမှာ ပညာသင်ပြီး ကြီးပြင်းလာခဲ့ကြတယ်။ ကိုယ့်ဇာတိ ကိုယ့်ရပ်မြေမှာ ပညာတတ်တွေ တိုးပွားလာစေဖို့ စွမ်းနိုင်တဲ့ဘက်က ပါဝင်ကူညီဆောင်ရွက်ကြပါစို့ဟုဖော်ပြထားတဲ့ လက်ကမ်းကြော်ငြာတစ်စောင် စာရေးသူထံ မမျှော်လင့်ဘဲရောက်ရှိလာတယ်။

လက်ကမ်းကြော်ငြာကို အစအဆုံးဖတ်ကြည့်လိုက်တော့ ပညာရေးရန်ပုံငွေထူထောင်ခြင်းအခမ်းအနားကို အောက်တိုဘာ ၁၉ ရက်မွန်းလွဲ ၂ နာရီတွင် အမှတ်(၁၆၇) ရွှေနတ်ကူဘုရားလမ်း ဖျာပုံမြို့ဟု ဖော်ပြထားပြီး စာရေးသူလည်း စိတ်ဝင်တစားနှင့် အခမ်းအနားကို တက်ရောက်ခဲ့ပါတယ်။

အခမ်းအနားမြင်ကွင်းကတော့ ရိုးရှင်းလှပါတယ်။ တက်ရောက်အားပေးသူတွေကတော့ ဖျာပုံမြို့ တိုက်သစ်ကျောင်းဆရာတော် ဦးသူရိယ၊ ပခန်းကျောင်းဆရာတော် ဦးအာလောက၊ ပညာရေးဌာနအငြိမ်းစား ဆရာ ဆရာမကြီးများ၊ ဆရာဝန်များ၊ ဖျာပုံမြို့တွင် လူမှုရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသူများ၊ ဖျာပုံမြို့နယ်အသင်း(ရန်ကုန်)မှ အမှုဆောင်များစသည်ဖြင့် စုစုပေါင်းပရိသတ် ၇၀ ခန့် တက်ရောက်ကြပါတယ်။

ရှေးဦးစွာ ဆရာတော်များက ပညာသမာ အာဘာနတ္ထိအစချီပြီး မြတ်ဗုဒ္ဓ၏အဆုံးအမများနှင့်အညီ ပညာရေး အခန်းကဏ္ဍအရေးကြီးပုံတို့နဲ့ ရန်ပုံငွေထူထောင်ခြင်း အစီအစဉ်ဟာ မြတ်ဗုဒ္ဓ၏အဆုံးအမနဲ့ညီသလို ဖျာပုံမြို့မှာ တကယ်လိုအပ်နေတဲ့ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးလိုက်တာဖြစ်လို့ ဘုန်းကြီးတို့ဝမ်းသာကြောင်း၊ လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ဘုန်းကြီးတို့ လိုအပ်တဲ့အကူအညီကို ဖြည့်ဆည်းပေးရန်ရှိကြောင်းနှင့် တက်ရောက်လာသူများကလည်း မင်း၊ သူ ၊ ငါ၊ ငါမပါ ဘယ်ဟာမှမပြီး၊ ငါချည်းတော့လည်း ဘယ်ဟာမပြီး၊ မင်းမပါ ဘယ်ဟာမှမပြီး၊ မင်းချည်းတော့လည်း ဘယ်ဟာမှမပြီး၊ သူမပါ ဘယ်ဟာမှမပြီး၊ သူ့ချည်းတော့လည်းဘယ်ဟာမပြီး၊ မင်း၊ သူ၊ ငါ၊ လူတကာစုံမှ အလုံးစုံပြီးဆိုသည့်အတိုင်း ဝိုင်းဝန်းဖြည့်ဆည်းပေးကြရန် မိန့်ကြားသွားသည်ကို ကြားနာခဲ့ရပါတယ်။

ဆက်လက်ပြီး ပညာရေးရန်ပုံငွေ ဦးဆောင်တည်ထောင်သူ ကျူရှင်ဆရာ ဦးလှကြည်က လူတစ်ဦးတစ်ယောက် အသိအလိမ္မာ ဉာဏ်ပညာကင်းမဲ့ခြင်းဟာ သူ့အတွက်သာမက သူ့မိသားစု၊ သူ့မြို့၊ သူ့ရွာ၊သူ့နိုင်ငံအကျိုးယုတ်စေနိုင်တယ်။ လူသားတိုင်းအသိအလိမ္မာ ဉာဏ်ပညာရှိကြရင် အားလုံးချမ်းသာမယ်၊ လောက၌ အန္တရာယ်ဟူသမျှဟာ ပညာမတတ် လူမိုက်ကြောင့်သာ ဖြစ်ပေါ်လာတတ်ကြပါတယ်။ တို့ရပ်၊ တို့ရွာ၊ တို့ဒေသမှာ ပညာတတ်တွေ ပေါ်ထွန်းဖို့ရာ ဉာဏအား၊ ခနအားဖြင့် စွမ်းနိုင်တဲ့ဘက်က ဝိုင်းဝန်းကြိုးစားဖို့လိုအပ်ကြောင်း၊ ပညာတော်ပြီး အခြေခံပညာ အထက်တန်းကို ထူးချွန်စွာအောင်မြင်၍ တက္ကသိုလ်ဆက်လက်သင်ကြားရန် အခက်ခဲရှိသူများအတွက် ရည်ရွယ်၍ ဤရန်ပုံငွေထူထောင်ခြင်းဖြစ်ကြောင်း၊ ၎င်းအနေဖြင့် ကျပ်သိန်း ၁၀၀ မတည်လှူဒါန်းမည်ဖြစ်ကြောင်း အကျယ်တဝင့်ပီတိဖြစ်ဖွယ်ရာ ရင်တွင်းစကားများ ပြောကြားသွားပါတယ်။

ဒီနောက်မှာတော့ အားကျဂုဏ်ယူဖွယ်ရာ မုဒိတာစကားများကို အများက လေးစားခြင်းခံရတဲ့ ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ ဦးခင်ဦး(ဖျာပုံအသင်း)၊ ဒေါက်တာဦးစံဦး၊ ဦးအုန်းဟန်တို့က ပြောကြားခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးရာကျူး(ခ)ဦးအောင်ခိုင်ဝင်းက ကျပ်သိန်း ၁၀၀၊ ဦးဟုတ်လုံ(ဆောက်လုပ်ရေးလုပ်ငန်းရှင်)နှင့် ဦးကျော်ထွန်း-ဒေါ်ခင်ဝင်း(ဝင်းပညာဒါန)တို့က ငွေကျပ် ၁၀သိန်းစီ၊ ဒေါ်တင်တင်ပြုံး(ရန်ကုန်)၊ ဖျာပုံမြို့နယ်မှ ဆန်စပါးလုပ်ငန်းရှင်များ၊ ဦးအောင်ခိုင်-ဒေါ်ကြူကြူ(စက်သုံးဆီရောင်းဝယ်ရေး)တို့က ငွေကျပ်ငါး သိန်းစီ၊ ဦးမြင့်ဦး(ဖျာပုံ)အသင်း-ဒေါ်သန်းသန်းမြင့်၊ ဆရာမဒေါ်ညွန့်ညွန့်နှင့် ဆရာမဒေါ်မူမူဆွေ၊ ဦးဝင်းထွဋ်(B-3)တို့က ငွေကျပ်သုံးသိန်းစီ၊ ဒေါ်သိန်းလှသမီး ဒေါ်သိန်းရီ၊ ဆရာမကြီး ဒေါ်ခင်အုန်းမြင့်၊ ဦးကျော်အေး-ဒေါ်မြင့်မြင့်လွင်၊ ဦးမျိုးအောင်-ဒေါ်ရီရီသန့်၊ ဦးညီညီခိုင်၊ ဦးအောင်မျိုးထွန်း-ဒေါက်တာခင်မျိုးရီ၊ ဒေါ်စိန်စိန်မြ(အောင်ရတနာ)တို့က ငွေကျပ်နှစ်သိန်းစီနှင့် ငွေကျပ်တစ်သိန်း အလှူရှင် ၁၅ ဦး၊ ကျပ်ငါးသောင်းတစ်ဦးနှင့် ကျပ်သုံးသောင်းတစ်ဦး ပေးအပ်လှူဒါန်းကြရာ မတည်လှူဒါန်းငွေများအပါအဝင် ပညာရေးရန်ပုံ ငွေကျပ် ၂၇၂ သိန်းရှစ်သောင်းရရှိကြောင်း အခမ်းအနားမှူးက ကြေညာမှုအပေါ် စာရေးသူ အတိုင်းမသိဝမ်းသာပီတိဖြစ်မိပါတယ်။

သဒ္ဓါမချို့တဲ့ မြန်မာတို့ရဲ့ အရင်းခံစိတ်ထားကို သိခွင့်ရလို့ ဂုဏ်ယူဝင့်ကြွားမိပါတယ်။ ပညာရေးရန်ပုံငွေများကို ဦးလှကြည်နှင့် ဦးအောင်ခိုင်ဝင်းတို့အမည်ဖြင့် ဘဏ်တွင် အပ်နှံထားမည်ဖြစ်ကြောင်းနှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်ပြီး တက္ကသိုလ်ဆက်တက်မည့်သူများကို သတ်မှတ်သည့် စည်းကမ်းချက်များနှင့်ကိုက်ညီပါက တက္ကသိုလ်ပညာပြီးဆုံးသည်အထိ ထောက်ပံ့ကြေးပေးသွားမည်ဟု သိရသည်။

ထိုနေ့မြင်ကွင်းသည်ကား ဖျာပုံမြို့တွင် ပညာဥယျာဉ်တစ်ခု ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်ဟု စာရေးသူဆိုချင်ပါသည်။ ပညာဥယျာဉ်ရေရှည်တည်တံ့ရန် ဥယျာဉ်အတွင်း စနစ်တကျရွေးချယ်စိုက်ပျိုးသွားမည့် ပန်းကလေးများ မွှေးကြိုင်လန်းဆန်းရန်မှာ ဖျာပုံမြို့သူ မြို့သားအားလုံးတွင် တာဝန်ရှိသည်ဟု ဆိုရမည်သာ . . . ။

မဲဆောက်-မြဝတီနယ်စပ်ဝင်ပေါက်မှ ထိုင်းနိုင်ငံသားဧည့်သည်များ လာရောက်လည်ပတ်

မြဝတီ အောက်တိုဘာ ၂၂

ထိုင်းနိုင်ငံသားဧည့်သည် ၂၃ ဦးသည် အောက်တိုဘာ ၂၂ ရက်က မော်တော်ဆိုင်ကယ် ၁၆ စီး၊ ထိုင်းကားတစ်စီးဖြင့် မဲဆောက်-မြဝတီနယ်စပ်မှဝင်ရောက်လာပြီး**(အပေါ်ပုံ)** ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ မြန်မာ့ခရီးသွားလုပ်ငန်းဌာန ရန်ကုန်ရုံးခွဲမှ တာဝန်ခံဆက်သွယ်ဆက်ဆံရေးအရာရှိ ဦးအေးမောင်လှိုင်နှင့် ဧည့်လမ်းညွှန် ဦးစိုင်းလုံတစ်တို့လိုက်ပါလျက် မြဝတီ-ဘားအံ-ကျိုက်ထီးရိုး-သန်လျင်-ရန်ကုန်-ပဲခူး-မော်လမြိုင်မြို့များသို့ သွားရောက်လည်ပတ်ကာ အောက်တိုဘာ ၂၇ ရက်တွင် မြဝတီနယ်စပ်ဝင်ပေါက်မှ ထိုင်းနိုင်ငံ မဲဆောက်မြို့သို့ ပြန်လည်ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။ **(၅၇၀)**

တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း၌ ပန်းဘဲတန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးမော်၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ ခုမှ အစားအသောက် ၁၃ မျိုး ရောင်းချခဲ့ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးနှင့် အဖွဲ့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။**(ယာပုံ)**

မီးမီး(လှိုင်)

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

" မွေးနေ့မင်္ဂလာဆုတောင်းလွှာ"
၂၀၁၃ခုနှစ်၊ အောက်တိုဘာ(၂၁)ရက်နေ့တွင်ကျရောက်သော ချစ်သားလေးဘုန်းမျိုးဟန်(ခ)ပေါင်ပေါင်း၏(၃)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည်နှောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ကြည်နူးဖွယ်မွေးနေ့ပေါင်းများစွာကို ပါပါးဦးမျိုးထွေး(Farmer Phoyarzar Co.,Ltd)+မာမားဒေါ်အေးအေးဟန်(Zin Htet Trading Co.,Ltd) တို့နှင့်အတူရယူပိုင်ဆိုင်နိုင်ပါစေ ....
ရုံးချုပ်မှမန်နေဂျာနှင့်ဝန်ထမ်းများ
Farmer Phoyarzar Co.,Ltd

" မွေးနေ့မင်္ဂလာဆုတောင်းလွှာ"
ဖေဖေဦးမျိုးထွေး (Farmer Phoyarzar Co.,Ltd) + မေမေဒေါ်အေးအေးဟန် (Zin Htet Trading Co.,Ltd) တို့၏တစ်ဦးတည်းသောသားလေးမောင်ဘုန်းမျိုးဟန်(ခ) ပေါင်ပေါင်း၏ ၂၀၁၃ ခုနှစ်အောက်တိုဘာလ(၂၁)ရက် နေ့မှာကျရောက်သော(၃)နှစ်ပြည့်မွေးနေ့မှစ၍ နောင်နှစ်ပေါင်း(၁၂၀)တိုင်ကျန်းမာသန်စွမ်း၊ထူးချွန်ထက်မြက်၊အများအကျိုးသယ်ပိုးဆောင်ရွက်နိုင်သောသားကောင်းရတနာလေးဖြစ်ပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါသည်။
Zin Htet Trading Co.,Ltd
(ဝန်ထမ်းမိသားစုများ)

ပြည်တွင်းရေးရာ

ဆီးဂိမ်းအကြို ကြက်တောင် Test Match 2013 ပြိုင်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၂

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရန် တဖြည်းဖြည်းနီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်း (၃၃)မျိုးကို အားကစားနည်းတစ်ခုချင်းစီအလိုက် အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးနှင့် အသင်းအောင်မြင်ရေးအတွက် အထောက်အကူပြု၍ အတွေ့အကြုံရရှိစေရန်အတွက် အားကစားနည်းများအလိုက် Pre SEA Games Test Match ပြိုင်ပွဲများကို အားကစားကွင်း/အားကစားရုံအသီးသီး၌ အဆက်မပြတ်ကျင်းပလျက်ရှိရာ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ကြက်တောင် Test Match 2013 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပခဲ့သည်။**(အပေါ်ယာပုံ)**

ပြိုင်ပွဲအား အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အထိ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားသမားစုစုပေါင်း ၂၄ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

(မောင်မောင်ဇော်)

မိုဘိုင်းတယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများထံသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသိပေးတင်ပြချက်

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိဘပြည်သူများ အဆင်ပြေချောမွေ့စေရန်အတွက် မိုဘိုင်းတယ်လီဖုန်းစနစ်များ အဆင့်ဆင့်တိုးချဲ့မြှင့်တင်လျက်ရှိရာ ယခုအခါတွင် လုပ်ငန်းလိုအပ်ချက်အရ နေပြည်တော်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် ပင်မလိုင်းများ ပြောင်းလဲချိတ်ဆက်ရန် စီမံလျက်ရှိသည်။ ထိုသို့ပြုလုပ်ခြင်းကြောင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့်အနီးတစ်ဝိုက်တွင် ၂၃-၁၀-၂၀၁၃ ရက် နံနက် ၂ နာရီတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် အနီးတစ်ဝိုက်တို့တွင် ၂၆-၁၀-၂၀၁၃ ရက် နံနက် ၂ နာရီတွင် လည်းကောင်း၊ နေပြည်တော်(တောင်ပိုင်း)တွင် ၂၈-၁၀-၂၀၁၃ ရက်နှင့် ၃၀-၁၀-၂၀၁၃ ရက် နံနက် ၂ နာရီတွင်လည်းကောင်း စုစုပေါင်း ၁၀ မိနစ်ခန့်စီ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများ ဆက်သွယ်မှုယာယီပြတ်တောက်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၅း၄၀	"အပရိဟာနိယသုတ်" တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၁၁၁)
၇း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး"(အပိုင်း-၃၉)
၈း၂၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၉၂)
၉း၁၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (အပိုင်း-၂၂)

လျှပ်စစ်ဓာတ်တိုင် အသစ်လဲလှယ်ပေးစေလို

ရန်ကုန် အောက်တိုဘာ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၉)ရပ်ကွက် ပြည်လမ်းအား လျှပ်စစ်မီးပေးသောဓာတ်တိုင်သည် အောက်တိုဘာ ၁၈ ရက်က အင်္ဂတေများကွာကျပြီး သံချောင်းများပေါ်နေသဖြင့်**(ယာပုံ)** ဓာတ်တိုင်လဲကျသွားပါက လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်နိုင်သောကြောင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အကြောင်းကြားထားသော်လည်း လပေါင်းများစွာကြာမြင့်နေပြီဖြစ်သောကြောင့် လမ်းတွင်းနေထိုင်သူများနှင့် လမ်းသာယာရေးကော်မတီဝင်များမှ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဓာတ်တိုင်အား သက်ဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး တိုင်သစ်လဲပေးနိုင်ရေးအတွက် တိုင်ပင်လျက်ရှိကြောင်း သိရသည်။

(တင်မောင်ဦး-အလုံ)

အသက်(၃၀)အောက် အချမ်းသာဆုံးလူငယ်စာရင်းဝင်ခဲ့သည့် One Direction အဖွဲ့

မျိုးစန္ဒာမောင် - ရေးသားသည်

ဆယ်ကျော်သက်လူငယ်များအကြား လူကြိုက်များရေပန်းစားလှသည့် One Direction အမျိုးသားတေးဂီတအဖွဲ့သည် Heat မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် အသက်(၃၀)အောက် အချမ်းသာဆုံး လူငယ်များစာရင်းတွင် ၂၀၁၀ ခုနှစ်ကတည်းက ပထမနေရာတွင် အခိုင်အမာရပ်တည်နေခဲ့သူ ဟယ်ရီပေါ်တာမင်းသား ဒန်နီယယ်ရက်ကလစ်ဖ်ကိုကျော်လွန်ကာ ပထမနေရာ၌ ရပ်တည်နေသည်။

Midnight Memories အမည်ရှိ တတိယအယ်လ်ဘမ်ထွက်ရှိခဲ့ပြီးဖြစ်သည့် One Direction အဖွဲ့မှ အဖွဲ့ဝင်များသည် အဖွဲ့လိုက်သာမက တစ်ဦးချင်းကိုယ်ရည်ကိုယ်သွေးလည်း ထက်မြက်ကြသူများဖြစ်ကြကြောင်း အဆိုပါ မဂ္ဂဇင်းမှ အယ်ဒီတာချုပ်

လူစီကေ့ဗ်က ပြောကြားခဲ့သည်။

One Direction အဖွဲ့သည် စီးပွားရေးလုပ်ငန်းအနေဖြင့် တီရှပ်များ၊ ရုပ်ရှင်ရိုက်ကူးခြင်း၊ အသံသွင်းခြင်းနှင့် ဂီတလုပ်ငန်းများလုပ်ကိုင်ကြသူများဖြစ်ကြောင်းနှင့် ၎င်းတို့အဖွဲ့သည် ပေါင် ၅၉ ဒသမ ၃၃ သန်းဖြင့် အချမ်းသာဆုံးစာရင်းတွင် နံပါတ်တစ်နေရာ၌ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြိတ်မြို့ ညောင်ရိပ်သာဘုန်းတော်ကြီးကျောင်း၌ ဘုရားမီးပူဇော်ရာမှ မီးလောင်မှုဖြစ်ပွား

မြိတ် အောက်တိုဘာ ၂၂

မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ကန်ကြီးရေကန် နံဘေးဘုရားကြီးလမ်း ညောင်ရိပ်သာဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၂၁ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် ကျောင်းတိုက်ကြီးအပေါ်ထပ် ဘုရားခန်း၌ ကပ္ပိယ ဦးဖိုးညို က ဘုရားမီး(ဖယောင်းတိုင်မီး) ပူဇော်ရာအောက်ခံသစ်သားခုံအား မီးစွဲလောင်ရာမှ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။**(အောက်ပုံ)**

အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပွားရာသို့ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ ထားဝယ်စုရပ်၊ ဆိပ်ငယ်ရပ်၊ အလယ်ကျွန်းရပ်၊ နောက်လယ်ရပ်၊ မြိတ်တောင်ရပ်၊ ကလွင်ကျေးရွာတို့မှ ကိုယ့်အားကိုယ်ကိုးမီးသတ်ယာဉ်စုစုပေါင်း ၁၃ စီးနှင့် ရေသယ်ယာဉ်များဖြင့် မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများ၊ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရွှေညာမောင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြိတ်ခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းတို့ဦးစီးလျက် သန္နေမီးသတ်တပ်ဖွဲ့ဝင် ၁၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၀ ခန့်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုများစုပေါင်းဝိုင်းဝန်း ငြိမ်းသတ်မှုကြောင့် ညနေ ၅နာရီ ၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် အုတ်တိုင်၊ ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုး နှစ်ထပ်ကျောင်းဆောင်(၃၂ပေ ×၂၄ပေ) မီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူမရှိကြောင်းသိရသည်။ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မီးအားပေါ့ဆစွာအသုံးပြုသူ ညောင်ရိပ်သာဘုန်းတော်ကြီးကျောင်းကပ္ပိယ ဦးဖိုးညိုအား မြို့မရဲစခန်းက (ပ)၅၅၀/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း ရသည်။

(ခိုင်ထူး)

ဇရာတောင်းဆိုချက်အရ ရုပ်ရှင်လောကမှအနားယူရန် စဉ်းစားနေသည့် ဂျက်ကီချန်း

နာမည်ကျော် ဟောင်ကောင်မင်းသား ဂျက်ကီချန်းက အသက်အရွယ်ရလာပြီဖြစ်သည့်အတွက် ရုပ်ရှင်လောကမှ အနားယူတော့မည့်အရေးကိစ္စနှင့်ပတ်သက်ပြီး အောက်တိုဘာ ၁၈ ရက်က အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့သည့် ဇာတ်ကား၏ ပရိမိုးရှင်းပွဲစဉ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

"လူတွေက ကျွန်တော့်အသက်လေးဆယ်လောက်ကတည်းက အနားယူဖို့ကိစ္စကိုမေးကြတယ်။ ကျွန်တော်က နောက်ထပ်ငါးနှစ် . . . နောက်ထပ်ငါးနှစ်နဲ့ ပြောလာခဲ့တာ။ အခု ကျွန်တော့်အသက်(၆၀)ပြည့်ခါနီးအထိပါပဲ။ နောက်ခြောက်လဆိုရင် ကျွန်တော့်အသက် (၆၀)ပြည့်ပါတော့မယ်" ဟု ဂျက်ကီချန်းက ပြောကြားခဲ့သည်။

ထို့အပြင် ဂျက်ကီချန်းက ရိုက်ကူးရေးပိုင်းတွင် စတန့်များလုပ်ရသည်မှာလည်း ငယ်စဉ်ကနှင့်မတူဘဲ လွန်စွာပင်ပန်းလာပြီဖြစ်ကြောင်း၊ ၎င်းနှင့် ခုန်ပျံကျော်လွှားစတန့်ဇာတ်ရုပ်များကို တစ်နေ့တွင် ပရိသတ်များစိတ်ကုန်မသွားစေရန်သာ မျှော်လင့်မိပါကြောင်းနှင့် အသက်အရွယ်ကြီးရင့်လာပြီဖြစ်သည့်အတွက် ဇရာ၏တောင်းဆိုချက်အရ အနားယူတော့မည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

၁၉၆၀ ခုနှစ်တွင် ရုပ်ရှင်လောကသို့စတင်ဝင်ရောက်လာခဲ့သူ မင်းသား ဂျက်ကီချန်းသည် ဇာတ်ကားပေါင်း ၁၅၀ ကျော် ရိုက်ကူးခဲ့ပြီးဖြစ်သည်။

နည်းပညာသတင်း

(TIKILA)

အဆင့်မြင့်အင်တာနက်တီဗွီများအတွက် ရိုမှတ်တွင် နားကြပ်ပေါက်ငယ်ပါဝင်သော Roku 3 Media Player

နည်းပညာအဆင့်အတန်းများ တစ်နေ့တခြားမြင့်မားလျက်ရှိနေရာ ကမ္ဘာကျော်နည်းပညာဆိုင်ရာ စီးပွားရေးလုပ်ငန်းများမှ နေ့စဉ်နည်းပညာဆန်းသစ်သော ဖျော်ဖြေရေးအသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။ အမေရိကန်ဒေါ်လာ ၉၉ ဒေါ်လာခန့်ဖြင့် အိမ်တွင်ရှိသော ရုပ်မြင်သံကြားစက်တွင် အလွယ်တကူတပ်ဆင်ကာ ကမ္ဘာအနှံ့မှနာမည်ကြီး ရုပ်သံလိုင်းများကို အင်တာနက်ချိတ်ဆက်မှုစနစ်ဖြင့် ဖမ်းယူကြည့်ရှုနိုင်မည်ဟု အဆိုပါ Media Player ရောင်းချသော လုပ်ငန်းစာမျက်နှာတွင်တွေ့ရသည်။

အဆင့်မြင့်နည်းပညာများပေါင်းစပ်ကာ အဝေးထိန်းခလုတ်ပါဝင်ပြီး ယင်းအဝေးထိန်းကြိုးမဲ့ခလုတ်တွင် နားကြပ်တပ်ဆင်နားထောင်နိုင်သော ကြိုးပေါက်ငယ်ပါဝင်မည်ဟုသိရသည်။ ကြိုးမဲ့အင်တာနက်ချိတ်ဆက်မှုပါဝင်ပြီး You Tube ကဲ့သို့ အင်တာနက်ရုပ်သံလိုင်းများမှ ရုပ်သံမှတ်တမ်းများကို အဝေးထိန်းကြိုးမဲ့ခလုတ်ငယ်အဖြစ် အလွယ်တကူ ရှာဖွေကာ ကြည့်ရှုနိုင်မည်ဟုသိရသည်။ HBO ကဲ့သို့ နာမည်ကြီးရုပ်သံလိုင်းများမှ နေ့စဉ်ပြသလျက်ရှိသော ဇာတ်ကားကောင်းများအပါအဝင် အားကစားရုပ်သံလိုင်းများနှင့် အခြားနာမည်ကြီးရုပ်သံလိုင်းများကိုပါ အင်တာနက်ချိတ်ဆက်ထားရုံဖြင့် နေအိမ်ရှိ ရုပ်မြင်သံကြားစက်တွင် ကြည့်ရှုနိုင်မည်ဟု နည်းပညာသတင်းစာမျက်နှာများတွင် တွေ့ရသည်။

Roku3 ဟု အမည်ရသော အဆိုပါ ဒစ်ဂျစ်တယ်ရုပ်မြင်သံကြား ဖမ်းယူကြည့်ရှုစက်သည် အသုံးပြုသူများ၏ နေအိမ်တွင် အင်တာနက်လိုင်းရှိရုံမျှဖြင့် ရုပ်မြင်သံကြားလိုင်းပေါင်း ၇၅၀ ခန့်ကို ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။ အဆိုပါ ရုပ်မြင်သံကြားစက် ထွက်ပေါ်လာမှုသတင်းအတွက် CNET's အင်တာနက်သတင်းဌာနက အယ်ဒီတာရွေးချယ်မှုဆုကို ရရှိခဲ့ကြောင်းသိရသည်။ ပေါ့ပါးပြီး သယ်ဆောင်တပ်ဆင်ရလွယ်ကူပြီး နေရာထားရှိမှုလည်း အဆင်ပြေနိုင်သည်ဟုဆိုထားသည်။

မြန်မာနိုင်ငံ၏ပထမဆုံးဒီဇိုင်းသစ်ဖြင့်မီးပွိုင့် ကလေးမြို့၌ စတင်တပ်ဆင်နိုင်ရေးဆောင်ရွက်

ကလေး အောက်တိုဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကားနှင့်မော်တော်ဆိုင်ကယ်များပေါ်များလာသည်နှင့်အမျှ ယာဉ်အန္တရာယ်မဖြစ်စေရေးနှင့် ခရိုင်မြို့၏ဂုဏ်ကိုမြှင့်တင်ပေးခြင်း၊ ခရိုင်မြို့၏ အင်္ဂါရပ်များနှင့် ပြည့်စုံမှုရှိစေရေးအတွက်ဗိုလ်ချုပ်လမ်းမဆုံ (ယခင်ဗန္ဓုလလမ်းဆုံ)နေရာတွင် လေးဖက်လေးတန် မီးပွိုင့်များတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကလေးမြို့မှာ ကားတွေရော၊ ဆိုင်ကယ်တွေပါ တစ်နေ့တခြားပေါများလာတာကိုတွေ့ရပါတယ်၊ ကလေးမြို့ ကညနမှာ မှတ်ပုံတင်ထားတဲ့ ကားအစီးရေ ၁၆၈၆ စီး၊ သုံးဘီးဆိုင်ကယ် ၈၁၄ စီး၊ ဆိုင်ကယ် ၅၃၈၀၅ စီး၊ ထော်လာဂျီ အစီး ၁၈၀၊ ယန္တရား ၅၉ စီး စုစုပေါင်း ၅၆၅၄၄ စီး မှတ်ပုံတင်ထားတယ်လို့ သိရပါတယ်၊ နောက်ပြီးတော့ ကလေးမြို့ရဲ့ ဆက်စပ်ဒေသတွေဖြစ်တဲ့ တီးတိန်၊ ဖလမ်း၊ ဂန့်ဂေါ၊ တမူး၊ ကလေးဝမြို့တွေကနေ နေ့စဉ် ကားအဝင်အထွက်တွေရှိပါတယ်၊ ဒီလမ်းဆုံက မြို့မဈေးကြီးနဲ့လည်း နီးတယ်၊ လမ်းတွေ အားလုံးနဲ့လည်း ချိတ်ဆက်ထားတာကြောင့် ယာဉ်သွား၊ ယာဉ်လာတော်တော်ကို များပါတယ်၊ ကလေးမြို့က အထက်ချင်းတွင်းဒေသမှာတော့ အစည်ကားဆုံးမြို့ဖြစ်ပါတယ်"ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။

"ဒီလမ်းဆုံမှာ တပ်ဆင်မယ့်မီးပွိုင့်တွေက မြန်မာနိုင်ငံမှာ ပထမဆုံးဒီဇိုင်းပုံစံဖြစ်ပြီး အရှေ့တောင်အာရှမှာဆို ထိုင်းနိုင်ငံမှာပဲ ရှိပါသေးတယ်၊ ထိုင်းနိုင်ငံဒီဇိုင်းနဲ့ တပ်ဆင်သွားပါမယ်၊ လျှပ်စစ်ဓာတ်အားအတွက်ကတော့ ဆိုလာစနစ်နဲ့ ဆောင်ရွက်မှာဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံးစနစ်ဖြင့် ခေတ်အမီဆုံးနည်းပညာများသုံးပြီး ဆောင်ရွက်ပါမယ်၊ မီးပွိုင့်တွေရဲ့ တန်ဖိုးကတော့ LED စာသားဘုတ်အတွက် ကျပ် ၃၆၀၀၀၀၊ LED မီးပွိုင့်(ဝါ၊စိမ်း၊နီ) လေးစုံအတွက်ကျပ် ၄၇၂၅၀၀၀၊ Power System အတွက်ကျပ် ၃၆၇၅၀၀၊ Transport အတွက်ကျပ် ၂၀၀၀၀၀ တို့ ကုန်ကျမှာဖြစ်ပြီး အပြီးအစီးဆိုရင် ငွေကျပ် ၆၁၂၆၅၀၀ ဖြစ်ပါတယ်၊ လုပ်အားခတွေမပါသေးဘူး၊ မီးပွိုင့်ကို စတင်တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်နေပါတယ်"ဟု မြို့နယ် တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

(အောက်ပုံ)

(လင်းလက်ကြယ်စင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၁၂း၂၅ ဖြူ /မည်းရုပ်ရှင် "ပွေလီဝေလင်း" (အောင်လွင်၊ ဇော်လင်း၊ စံတင်၊ ဆွေဇင်ထိုက်) (ဒါရိုက်တာ-စံရွှေမောင်)
၄း၄၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၅၀ Road to SEA Games (ဂျူဒို)
၈း၀၀ ပြည်တွင်းသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
၈း၃၅ ပြည်သူတို့ရဲ့စကားသံများ
၅း၄၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
၉း၀၀ ပြည်တွင်းသတင်း
-My Mind Game My SEA Games
-သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေစတားသာလောင်အငြိမ့်" (မင်းသမီး-မန်းပန်တျာ ယမင်းအောင်၊ လူရွှင်တော်-သာလောင်၊ ညဏ်ပွင့်ကေသာ၊ အာလူး)

၂၀၁၂ ခုနှစ်၊ ဇူလိုင်လအတွင်း ကျင်းပခဲ့သော စတုတ္ထအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ပြီး အလုပ်ခေါ်စာ စောင့်ဆိုင်းနေသူများအတွက် အသိပေးကြေညာချက်

၁။ ကိုရီးယားသမ္မတနိုင်ငံရှိ စိုက်ပျိုးရေး/မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ၌ ပေါ်ပေါက်မည့် အလုပ်အကိုင်များအတွက် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ခဲ့ကြသူများအနက် အလုပ်လျှောက်လွှာတင်သွင်းခဲ့သူများ၏ တန်းစီဇယားသည် (၁)နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အလုပ်လျှောက်ထားသူများအနက် အလုပ်ခေါ်စာ မရရှိသေးသူများသည် ကျန်ရှိသော စာမေးပွဲသက်တမ်းကာလဖြစ်သည့် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအထိ ကာလအတွက် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ သို့ပါ၍ စတုတ္ထအကြိမ် ကိုရီးယားဘာသာစကားစာမေးပွဲ EPS-TOPIK အောင်မြင်ပြီး အလုပ်ခေါ်စာ စောင့်ဆိုင်းနေသူများအားလုံးနှင့် လျှောက်လွှာစတင်စဉ်က ဆေးမအောင်ခဲ့သူများနှင့် အကြောင်းကြောင်းကြောင့် လျှောက်လွှာမတင်ဖြစ်ခဲ့သူများအားလုံးသည် EPS စနစ်အရ ထပ်မံ၍ အလုပ်လျှောက်လွှာတင်သွင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈/၁)၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီရုံးသို့ ၂၈-၁၀-၂၀၁၃ ရက်မှ ၄-၁၁-၂၀၁၃ ရက်အထိ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ပါရန်နှင့် ဖော်ပြပါလိပ်စာတွင် လျှောက်လွှာများထုတ်ပေးခြင်း/လက်ခံခြင်းများကို အောက်ပါအစီအစဉ်အတိုင်း နေ့စဉ် ၉း၃၀ နာရီမှ ၁၇း၀၀ နာရီအထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

(က) အလုပ်လျှောက်လွှာထုတ်ပေးမည့်ရက် - ၂၈-၁၀-၂၀၁၃ ရက်မှ ၃၀-၁၀-၂၀၁၃ ရက်ထိ
(ခ) အလုပ်လျှောက်လွှာပြန်လည်လက်ခံမည့်ရက် - ၃၁-၁၀-၂၀၁၃ ရက်မှ ၄-၁၁-၂၀၁၃ ရက်ထိ

၃။ အလုပ်လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြပါ စာမေးပွဲဖြေဆိုခဲ့သော ခုံနံပါတ်များအတိုင်း ထုတ်ပေးပါမည်-

(က)	၂၈-၁၀-၂၀၁၃ ရက်	ခုံအမှတ်	၁၀၀၀၀၀၀၅ မှ ၁၀၀၀၁၄၉၈ ထိ
(ခ)	၂၉-၁၀-၂၀၁၃ ရက်	။	၁၀၀၀၁၅၀၀ မှ ၁၀၀၀၂၄၂၀ ထိ
(ဂ)	၃၀-၁၀-၂၀၁၃ ရက်	။	၁၀၀၀၂၄၂၄ မှ ၁၀၀၀၃၂၂၉ ထိ

၄။ အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြထားသည့် စာမေးပွဲဖြေဆိုခဲ့စဉ်က ခုံနံပါတ်များအတိုင်း လျှောက်လွှာပြန်လည်တင်ရမည်-

(က)	၃၁-၁၀-၂၀၁၃ ရက်	ခုံအမှတ်	၁၀၀၀၀၀၀၅ မှ ၁၀၀၀၁၁၄၅ ထိ
(ခ)	၁-၁၁-၂၀၁၃ ရက်	။	၁၀၀၀၁၁၅၈ မှ ၁၀၀၀၁၉၉၉ ထိ
(ဂ)	၂-၁၁-၂၀၁၃ ရက်	။	၁၀၀၀၂၀၀၀ မှ ၁၀၀၀၂၆၃၀ ထိ
(ဃ)	၄-၁၁-၂၀၁၃ ရက်	။	၁၀၀၀၂၆၃၄ မှ ၁၀၀၀၃၂၂၉ ထိ

၅။ လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ်၊ စာမေးပွဲဖြေဆိုခွင့်ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။
(ခ) ဓာတ်ပုံရိုက်ခြင်းအား သတ်မှတ်ပုံစံ အရွယ်အစား(၃. ၅ cm × ၄. ၅ cm)အတိုင်း ရိုက်ကူးရပါမည်။
(ဂ) ကျန်းမာရေးဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၆။ လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-

(က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ (၆)ပုံ၊
(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ၊
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊
(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ [နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး (၁)နှစ်ကျန်ရှိရမည်။]
(င) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့်မိတ္တူ၊
(စ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ၊
(ဆ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာကျွမ်းကျင်မှု အထောက်အထားရှိက မူရင်းနှင့်မိတ္တူ၊
(ဇ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့်မိတ္တူ၊

၇။ အလုပ်လျှောက်လွှာတွင် အချက်အလက်များ မှန်ကန်စွာ ဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မှားယွင်းစွာ ဖော်ပြဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏တာဝန်သာဖြစ်ပါမည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ တင်ပြလာသည့် လျှောက်လွှာများအား တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ပါ။

❖ အလုပ်လျှောက်လွှာ တင်သွင်းခြင်းနှင့်ပတ်သက်၍ သိရှိလိုသော အချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာလူငယ်အသင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၂

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Longkou City, Nanshan International Golf Club ၌ ကျင်းပမည့် Asia-Pacific Amateur Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ပဏ္ဏာမမြန်မာ့လက်ရွေးစင်လူငယ် ရဲထက်အောင်နှင့် မောင်မောင်ဦးတို့ ပါဝင်သောအသင်းသည် အောက်တိုဘာ ၂၀ ရက်တွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပဏ္ဏာမမြန်မာ့လက်ရွေးစင် ဂေါက်သီးရိုက်ကစားသမားနှစ်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ တွေ့ရစဉ်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အနေဖြင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂေါက်သီးရိုက် ပြိုင်ပွဲတွင် မြန်မာဂေါက်သီးရိုက်အားကစားသမားများအောင်မြင်မှုရရှိရေးအတွက် အပြည်ပြည်ဆိုင်ရာ ဂေါက်သီးရိုက်ပြိုင်ပွဲ အတွေ့အကြုံရရှိရေးကို ရည်ရွယ်လျက် ယခုပြိုင်ပွဲသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

၆း၀၃	တရားတော်
၆း၃၀	မျိုးချစ်တပ်မတော်
၆း၄၅	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	အမျိုးသားရေးတေးကဗျာ
၈း၀၆	မွေးမြူသုတ
၄း၄၅	ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၁၀	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၂၂	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ခေတ်သစ်အချစ်” (အပိုင်း-၄၀)
၆း၂၅	ကာတွန်းအစီအစဉ် “အာကာသ သူရဲကောင်းလေးများ” (အပိုင်း-၁၄၃)
၇း၀၀	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “ဆွေနဲ့မျိုးနဲ့ပြဿနာနဲ့” (အပိုင်း - ၁) -ရသစုံလင် ရုပ်မြင်ဇာတ်လမ်း “ချစ်ခွင့်ရချင်ပြီ” (အပိုင်း-၆၉) (ဇာတ်သိမ်းပိုင်း)

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအား အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် တရားစွဲ

စနေနေ့က ကစားခဲ့သော ချယ်လ်ဆီးအသင်းက ကာဒစ်ဖ်အသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ပွဲကစားချိန်ပြုန်းတီးစေမှုကိုအကာအကွယ်ပေးခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (အက်ဖ်အေ)က ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုအား တရားစွဲဆိုထားပြီး ထိရောက်သောပြစ်ဒဏ်ကျခံရဖွယ်ရှိနေကြောင်းလည်း သိရသည်။

ယင်းပွဲစဉ်တွင် ချယ်လ်ဆီးနောက်ခံလူ အိုင်ဗန်နိုဗစ်၏ သိသိသာသာအချိန်ဖြုန်းခဲ့ခြင်းနှင့် ပတ်သက်၍ ကာကွယ်ပြောကြားခဲ့ပြီးနောက် ကွင်းလယ်ဒိုင်လူကြီး အန်သိုနီတေလာက နည်းစနစ်ပိုင်းအရ မော်ရင်ဟိုအား အမိန့်ပေးခဲ့ကြောင်းလည်း သိရသည်။ ထို့ကြောင့် ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက “ကိုယ့်အလုပ်ကိုယ်လုပ်တာကို ကွင်းလယ်ဒိုင်က ဘာလို့ ကျွန်တော့်ကို ရပ်တန့်ခိုင်းရတာလဲဆိုတာ ကျွန်တော်မသိပါဘူး”ဟု တရားစွဲဆိုမှုကို ကြေညာချက်မထုတ်ပြန်မီ နည်းပြမော်ရင်ဟိုက ပြောကြားခဲ့သည်။

ယင်းပွဲစဉ်၏ နောက်ဆုံးလက်ကျန်မိနစ် ၂၀ တွင် ချယ်လ်ဆီးပရိသတ်၏ အလယ်၌သာ ကြည့်ရှုရန်လည်း တွန်းအားပေးခြင်းခံခဲ့ရကြောင်းလည်း သိရသည်။

ပုဂ္ဂိုလ်ရေးရာအကြောင်းပြချက်ကြောင့် လာမည့်နွေရာသီတွင် မန်ယူအသင်းမှ ထွက်ခွာရန် စဉ်းစားထားကြောင်း အီဗရာဖွင့်ဟ

လာမည့်နွေရာသီတွင် မန်ယူအသင်းမှ ထွက်ခွာရန်ရှိနေကြောင်း မန်ယူအသင်း ဘယ်နောက်ခံကစားသမား ပက်ထရစ်အီဗရာက ဖွင့်ဟပြောကြားခဲ့သည်။ နောက်ခံလူအီဗရာ၏ လက်ရှိစာချုပ်သက်တမ်းသည် ဇွန်လတွင် ကုန်ဆုံးတော့မည်ဖြစ်ရာ အနာဂတ်ကာလအတွက် အိုးထရက်ဖို့ဒ်နှင့် လမ်းခွဲရန်ဆန္ဒရှိနေကြောင်း တုံ့ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် မန်ယူအသင်းနည်းပြကြီး ဖာဂူဆန်အနားယူသွားခဲ့ခြင်းအတွက် ၎င်းအနေဖြင့် ဝမ်းနည်းပါကြောင်းလည်း နောက်ခံလူ ပက်ထရစ်အီဗရာက ပြောကြားခဲ့သည်။ သို့ရာတွင် မန်ယူအသင်းအနေဖြင့် နောက်တန်းခံစစ်အတွက် လေတန်ဘိန်းစ်နှင့် ကိုအန်ထရာအို စသည့် ကစားသမားသစ်နှစ်ဦးကို ထပ်မံခေါ်ယူရန် ဆန္ဒရှိနေကြောင်းနှင့် ပတ်သက်မှု ရှိ၊ မရှိကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိခဲ့ပေ။

မန်ယူအသင်းအနေဖြင့် အီဗရာနှင့် စာချုပ်သစ်ထပ်တိုးချုပ်ဆိုရန် ဆန္ဒမရှိသည့်အတွက် လက်ရှိစာချုပ်ဖြင့်ပင် လမ်းခွဲရဖွယ်ရှိနေခြင်းကြောင့် ၎င်းအနေဖြင့် ပြင်သစ်၏ ငွေကြေးပုံအောကာသုံးစွဲနိုင်စွမ်းရှိသည့် ပီအက်စ်ဂျီအသင်းနှင့် အသင်းဟောင်းမိုနာကိုအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများ ပြုလုပ်ထားကြောင်းလည်း သိရသည်။

ငွေကြယ်

အာဂျင်တီးနားရက်ဘီနည်းပြအဖြစ်မှ ဆန်တီယာဂိုဖီလန် နုတ်ထွက်

အာဂျင်တီးနားရက်ဘီနည်းပြ ဆန်တီယာဂိုဖီလန်သည် အာဂျင်တီးနားရက်ဘီနည်းပြအဖြစ် ငါးနှစ်ခဲ့ကြာတာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် နည်းပြအဖြစ်မှ နုတ်ထွက်လိုက်ကြောင်း သိရသည်။ ဆန်တီယာဂိုဖီလန်သည် ယခုနှစ်၏ ရက်ဘီချန်ပီယံရှစ်ပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကစားခဲ့သည့် ပွဲစဉ်ခြောက်ပွဲစလုံးရှုံးနိမ့်ခဲ့ရခြင်းကြောင့် ယခုကဲ့သို့ အသင်းနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ၎င်း၏ စာချုပ်သက်တမ်းမှာ ဒီဇင်ဘာလတွင်ကုန်ဆုံးမည်ဖြစ်သည်။ဖီလန်၏ လက်ထက်တွင် အာဂျင်တီးနားရက်ဘီအသင်းသည် ၄၅ ပွဲကစားခဲ့ရာတွင် ၃၁ ပွဲရှုံးပွဲကြုံခဲ့ရပြီး ၁၃ ပွဲသာ အနိုင်ရရှိခဲ့သည်။

ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ ခရီးသွား မိဘ/ပြည်သူများအတွက် ရန်ကုန်-သံဖြူဇရပ်-ရေး ခရီးစဉ်သစ်ကြီးအား

၂၂-၁၀-၂၀၁၃ ရက်နေ့မှစ၍ ရန်ကုန်မှ နေ့စဉ် ည ၈း၃၀ နာရီတွင် လည်းကောင်း
ရေးမှ နေ့စဉ် ညနေ ၃း၀၀ နာရီတွင် လည်းကောင်း စတင်ပြေးဆွဲမည်ဖြစ်ကြောင်းနှင့်
ရန်ကုန်-ဘားအံ-နေပြည်တော်-ပခုက္ကူ
ရန်ကုန်-ဘားအံ-နေပြည်တော်-မန္တလေး-ပြင်ဦးလွင် ခရီးစဉ်သစ်ကိုလည်း မကြာမီ ပြေးဆွဲသွားမည်ဖြစ်ကြောင်းကို မိတ်ဟောင်း/မိတ်သစ်များအား အသိပေး ကြော်ငြာအပ်ပါသည်။

ရွှေစင်စကြာ မိသားစု

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို(၃၁) ကြိမ်မြောက်အဖြစ် (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ရက်နှင့်လပြည့်နေ့)၁၆-၁၁-၂၀၁၃ရက်နှင့် ၁၇-၁၁-၂၀၁၃ ရက်များတွင် ကျင်းပမည်ဖြစ်ပြီး မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ပထမဆု ကျပ် ၁၅၀၀၀၀ိ/၊ ဒုတိယဆု ကျပ် ၁၃၀၀၀၀ိ/၊ တတိယဆု ကျပ် ၁၁၀၀၀၀ိ/၊ နှစ်သိမ့်ဆုများအဖြစ် ကျပ် ၈၀၀၀၀ိ/ စီနှင့် ဆုတံဆိပ်များ ချီးမြှင့်မည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၈)နှစ်မှ (၅၀)နှစ်အတွင်းရှိ ရက်ကန်းကျွမ်းကျင်သူ အမျိုးသမီးများသည် ၁-၁၁-၂၀၁၃ရက်(သောကြာနေ့)၊ ညနေ ၃ နာရီ မတိုင်မီ ဂေါပကအဖွဲ့သို့ လျှောက်ထားစာရင်းသွင်း၍ ယှဉ်ပြိုင်နိုင်ကြောင်းကြေညာအပ်ပါသည်။

ခင်ဆွေ
တာဝန်ခံအလှူ့ကျဂေါပက ဗိုလ်တထောင်စေတီတော်
ဖုန်း-၂၉၂၁၆၉၊ ၂၀၁၇၆၄

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုဇော်ထွန်း [၉/မထလ(နိုင်)၂၂၆၉၀၀] ၏နိုင်ငံကူး လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်ပေးပါရန်။ ဆက်သွယ်ရန်ဖုန်း-၀၉-၃၃၄၀၉၄၆၄



ငါးနှစ်ကောင်
PISCES
မွှေးမွှေးလေးနဲ့ ဈေးကျတဲ့တာ
ငါးနှစ်ကောင် ဆပ်ပြာပါ
Soap Noodle
ကိုယ်တိုက်ဆပ်ပြာများအတွက်အသင့်ထုတ်လုပ်နိုင်သည်။
Italy နိုင်ငံထုတ် Mazzoni စက်သစ်ကြီးဖြင့်ထုတ်လုပ်ထားသဖြင့် နိုင်ငံခြားအဆင့်မီ Quality ဖြစ်သည်။
ဈေးနှုန်းအလွန်သက်သာသည်။
Golden Flower Co., Ltd.
အမှတ် - ၂၁၄(အေ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - 01-2300672, 2300677, 2300679.

ပြည်တွင်းရေးရာ

စစ်ကိုင်းကောင်းမှုတော်ဘုရားပွဲမှ ထူးခြားသည့်အလှူဒါန

စစ်ကိုင်း အောက်တိုဘာ ၂၂

သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် စစ်ကိုင်းမြို့မှငါးမိုင်ခန့်ဝေးသည့် ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီးသို့ ရပ်ကွက်ကျေးရွာအသီးသီးမှ အရဏ်တော်ဝတ်အသင်းများသည် အတီးအမှုတ်၊ အဆိုအကများ

နှင့် စည်ကားသိုက်မြိုက်စွာ ခြေကျင်လမ်းလျှောက်၍ သွားရောက်ပူဇော်ကြရာ ပျော်ရွှင်ခြင်းနှင့်အတူ ပင်ပန်းနွမ်းနယ်မှုများရှိကြသဖြင့် မြို့သူမြို့သားများက အရဏ်တော်ဝတ်အသင်းသား အသင်းသူများအား ဖျော်ရည်၊ ရေသန့်၊ လက်ဖက်သုပ်၊ ချင်းသုပ်၊အချဉ်သုပ်၊ မုန့်မျိုးစုံတို့နှင့် ကျွေးမွေးဧည့်ခံကြခြင်း၊ ငွေကြေးများ လှူဒါန်းကြခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ ထိုသို့လှူဒါန်းကြရာတွင် စစ်ကိုင်းမြို့ရှိ စာပုံနှိပ်တိုက်တစ်ခုက ထူးခြားသည့် အလှူအဖြစ် နှစ်စဉ်ယပ်တောင်များကို ဝေငှလှူဒါန်းခြင်းပြုလုပ်လျက်ရှိရာ ယခုနှစ်တွင်လှူဒါန်းမှုမှာ(၈)နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း သိရသည်။

"ယပ်တောင်တွေနှစ်စဉ်ဝေငှလှူဒါန်းတာ ၂၀၀၆ ခုနှစ်ကတည်းကပါ။ ဒီနှစ်ဆိုရင် ရှစ်နှစ်ပြည့်ပါပြီ။ နှစ်စဉ် ယပ်တောင်အချောင်း နှစ်ထောင်ကျော် လှူဒါန်းပါတယ်။ ဒီနှစ်လှူဒါန်းခဲ့တာ ယပ်တောင်အချောင်း ၂၂၀၀ ဖြစ်ပါတယ်။ အရဏ်တော်အသင်းသား အသင်းသူတွေအနေနဲ့ နေပူကျဲကျဲထဲမှာ ခြေကျင်လမ်းလျှောက်သွားကြရတာဆိုတော့ ပင်ပန်းကြပါတယ်။ ယပ်တောင်လေးတွေက နေပူကို ကာကွယ်လို့ရတယ်။ အမောပြေ အပန်းပြေနားနေရင် ယပ်ခတ်လို့ရတယ်ဆိုတော့ သူတို့အတွက် တော်တော်အဆင်ပြေကြတယ်။ အဲဒါကြောင့် အရဏ်တော်အသင်းတွေကို နှစ်စဉ်လှူဖြစ်တာပါ" ဟု အလှူရှင်မိသားစုဖြစ်သူ ဦးစက်ဝင်းက ပြောပြသည်။ **(နန္ဒာမင်းလွင်)**

ပခုက္ကူ ရွှေကူဗုဒ္ဓပူဇနိယပွဲတော် ရုပ်ရှင်ဂီတအနုပညာရှင်များဆင်နွှဲပူဇော်

ပခုက္ကူ အောက်တိုဘာ ၂၂

ထူးမြတ်သော သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်တွင် ဗုဒ္ဓပူဇနိယပွဲတော်များ စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ အညာဒေသ ပခုက္ကူမြို့ကြီးတွင် ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရား ရွှေကူမြတ်စွာဘုရားပွဲတော်များကို ကျင်းပဆင်ယင်ကြောင်း သိရသည်။ ရွှေကူဗုဒ္ဓပူဇနိယပွဲတော်သည်မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ဆင်းသက်ကြွချီမှုကို ပူဇော်သောအားဖြင့် မြို့လုံးအနှံ့ ညချမ်းချိန်ခါ ဆီမီးရောင်စုံများဖြင့် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး၏ ကောင်းမှုတော် ရွှေကူမြတ်စွာဘုရားကြီးဒေသစာရီကြွချီအပူဇော်ခံပွဲတော်ဖြစ်သည်ဟု သိရသည်။

"ရွှေကူဘုရားပွဲတော်ကြီးကို ရုပ်ရှင်ဗီဒီယို ဂီတအနုပညာရှင်များနဲ့ ဆင်ယင်ကျင်းပပါတယ်၊ရုပ်ရှင်မင်းသားကြီးထွန်းဝေတို့ ဆင်နွှဲခဲ့သလို ယခုနှစ်ပွဲတော်မှာလည်း ရန်အောင်၊မေသန်းနု၊ စိုးမြတ်သူဇာ စတဲ့ အနုပညာရှင်တွေ ဆင်နွှဲပျော်ရွှင်ခဲ့ကြပါတယ်၊ ယခုနှစ်ပွဲတော်မှာ ဖြိုးငွေစိုး၊ ဆုပန်ထွာ၊ မော်ဒယ်မင်းသား ထွန်းကိုကို၊ ရွှန်းလဲ့လဲ့ချစ် (အောင်သရဖူ)၊ မော်ဒယ်မင်းသားဘိုဘို၊ မေသူသူဟန် (အောင်သရဖူ) တို့အပြင် တက္ကသိုလ် မင်းခန့်ကို၊ ခန့်နောင်ဦးစီးတဲ့ ကြယ်စင်ဆန်းခေတ် အမျိုးသား ယဉ်ကျေးမှု အနုပညာ ဉယျာဉ်ဇာတ်သဘင်အဖွဲ့လည်း ပါဝင်ဆင်နွှဲပါတယ်"ဟု ဘုရားအကျိုးတော်ဆောင်တစ်ဦးက ပြောသည်။ အမှတ် (၉)ရပ်ကွက် ဗိုလ်ချုပ်လမ်းမ၌ ကိန်းဝပ်စံပျော်သော ရွှေကူမြတ်စွာဘုရားကြီးသည် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ညတွင် မြို့လုံးအနှံ့ဒေသစာရီကြွချီရာ ဆီမီးရောင်စုံများဖြင့် ရှုမငြီးစွာ တင့်တယ် စည်ကား သိုက်မြိုက်ခဲ့ကြောင်း သိရသည်။

ရွှေကူမြတ်စွာဘုရားကြီး ဒေသစာရီကြွချီပွဲတော်သို့ မြင်းခြံ၊ ညောင်ဦး၊ ပုဂံ၊ ဆိပ်ဖြူ၊ ပေါက်၊ ရေစကြို၊ ယောနယ်တစ်ခွင်ရှိ ဒေသခံပြည်သူများပါ လာရောက်ဆင်နွှဲကြသောကြောင့် ငြိမ်းချမ်းစွာဖြင့် တိုးမပေါက်အောင် စည်ကားခဲ့ကြောင်း သိရသည်။

နေဦးမောင် (ပခုက္ကူ)

မိတ္ထီလာတွင် အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူမည့် မျက်စိဝေဒနာရှင် ၂၀၀ ကျော်အား မျက်စိစမ်းသပ်မှုများပြုလုပ်

မိတ္ထီလာ အောက်တိုဘာ ၂၂

မိတ္ထီလာတွင်မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးဌာန ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် Wilmar ကုမ္ပဏီနှင့် ဂရိတ်ဝေါကုမ္ပဏီတို့၏ပံ့ပိုးမှုဖြင့်အခမဲ့ မျက်စိစမ်းသပ်ခွဲစိတ်ကုသမှုခံယူမည့် မျက်စိဝေဒနာရှင် ၂၀၀ ကျော်အား အောက်တိုဘာ ၂၁ရက် နံနက်စနာရီမှ စတင်စမ်းသပ်ပေးခြင်းများ ပြုလုပ်ဆောင်ရွက်ကြောင်းသိရသည်။

မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့များမှ မျက်စိဝေဒနာရှင်များအား အောက်တိုဘာ ၂၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ နေ့စဉ် နံနက်စနာရီမှညနေ၄နာရီထိ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာကိုကိုသန်းနှင့်အတူကျန်းမာရေးဝန်ထမ်းများ စမ်းသပ်ခြင်းလုပ်ငန်းများကိုအခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းနောက် အဆိုပါစမ်းသပ်ပြီး မျက်စိဝေဒနာရှင်များအား မိတ္ထီလာ၊ မန္တလေး၊ကျောက်ဆည်၊စဉ့်ကိုင်၊မြင်းခြံတို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများကနိုဝင်ဘာ၁၂ရက်မှ၁၅ရက်အထိ အခမဲ့ ခွဲစိတ်ကုသပေးသွားမည် ဖြစ်ကြောင်းသိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

စီးပွားရေးကြော်ငြာ

Dream Paradise

Emerald Myanmar Tour

CRANE

MICO

T-SHIRT : 650 Ks

01-430916,09-5141086,09-5043007

(Travels & Tours)

Course in driving skills for all adults.

ကောင်းဝေ

KAUNG WAI

Ph-09-43192139, 09-43139065, 09-43155790, 09-43157190, 09-5140103, 09-73213416

Ph-01-572831, 09-43192138, 09-43192140

မြေကွက်များဝယ်လိုသည်

ဒဂုံမြို့သစ်တောင်ပိုင်းနှင့်ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၄၂၅၂၈၉၀၀၄၊ ၀၉-၄၂၅၂၈၉၀၀၃

Seven စံ

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ရောင်းလိုဝယ်လိုသူများ ဆက်သွယ်နိုင်ပါသည်။ အိမ်အရောက်ငွေပေးချေသည်။

ပွဲခပေးရန်မလိုပါ။ **ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၉-၃၁၇၁၅၂၄၇**

၈ တန် ~ ၁၀ တန်

လမ်းကြိတ်စက် ရောင်း/ငှား

Ph:09-43112399, 09-43031222

မိုနဲဒါဖက်ရှင်

- ကြော်ငြာ၊ လက်ဆောင်၊ ပရိုမိုးရှင်းနှင့် အမှတ်တရ တူညီဝတ်စုံများအတွက်
- အရောင်စုံ၊ ဒီဇိုင်းစုံ ကြိုက်ရာယူ(ချည်ထိုးနှင့်ဆေးရိုက်ဝန်ဆောင်မှုပေးပါသည်။)
- ချည်သား T.Shirt M - 1000 ကျပ် (မှစ၍)
  Shirt အင်္ကျီ - 2900 ကျပ်
  Sport Shirt - 2950 ကျပ်
  Style Pants - 2950 ကျပ်
  ဦးထုပ် - 950 ကျပ် (မှစ၍)
- အထည်(၁၀၀)အထက်ယူလျှင် လိပ်စာအရောက် ပို့ပေး၊ ပြပေးသည်။
- **အမှတ်-၂၉၊ ၁၂၄ လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
- **Ph:01-292129,09-73216251**
- **E-mail:kyonedoe@gmail.com**

မေထုံ နို့စားနွားမွေးမြူသည့် လုပ်ငန်းရှင်များ အဆင်ပြေ

မလှိုင် အောက်တိုဘာ ၂၂

ယခုလိုတိုးတက်ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝတိုးတက်ပြောင်းလဲနိုင်သည့် တစ်နိုင်တစ်ပိုင် မွေးမြူရေးသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိသလို ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်သည်။

မလှိုင်မြို့နယ်၌ မေထုံနွားမွေးမြူရေးခြံမှ ခြံလုပ်သားကြီးက "ကျွန်တော်တို့ မေထုံနို့စားနွားကို တစ်နိုင်တစ်ပိုင်မွေးပါတယ်။ အကောင်ရေအားဖြင့် ၅၀ ရှိတယ်။ နွားများကို ကုလားပဲနှစ်နှင့် ဝါဆေးနှမ်းဖတ်ကို နေ့စဉ်ကျွေးရတယ်။မေထုံနို့စားနွားမှရရှိသည့် နို့ပိသာချိန်မှာ တစ်နေ့ကိုနို့အချိန် ၂၀၀ခန့် ရရှိတယ်။ ဈေးကွက်အနေနဲ့တစ်ပိသာကို ကျပ်၂၅၀၀ ပြန်ရောင်းရပါတယ်။ နွားများကို တစ်နှစ် ကာကွယ်ဆေးနှစ်ကြိမ် ထိုးပေးရတယ်။ နွားမတမ်းဆိုရင် ၁၄၊ ၁၅ လကြာမှမိတ်လိုက်ပြီး ကိုးလ၊ ဆယ်လမှတစ်သားကျပါတယ်။ မေထုံနို့စားနွားတစ်ကောင်၏ တန်ဖိုးဟာ ၁၂ သိန်းဝန်းကျင်ခန့် ပေးဝယ်ရတယ်။ နွားချေးကိုလည်း ပြန်ရောင်းရတယ်။ နွားချေးထော်လာဂျီလေးလုံးထိုးယာဉ်တစ်စီးစာကို ကျပ်၅၀၀၀၀ နှင့် ပြန်ရောင်းစားရပါတယ်"ဟု နွားမွေးမြူရေးခြံမှ လုပ်သားတစ်ဦးက ပြောပြသည်။

အိုးမကွာအိမ်မကွာဖြင့် ဝင်ငွေရရှိနိုင်သော တစ်နိုင်တစ်ပိုင် မွေးမြူရေးသည်ကျေးလက်တောင်သူများအတွက် အလုပ်လက်မဲ့မဖြစ်တော့သလို ဝမ်းစာရေးအတွက်လည်း အလုပ်အကိုင်ရရှိမည်ဖြစ်သည်။ ယခုအခါ မလှိုင်မြို့နယ်ဝန်းကျင်ကျေးရွာများတွင် ကြက်၊ ဝက်၊ သိုး၊ ဆိတ်များကို တစ်နိုင်တစ်ပိုင်မွေးမြူလာသည်ကို တွေ့ရှိရသည်။ **ကျော်ကျော်(မလှိုင်)**

အကြိုအခြေခံမီးသတ်သင်တန်းဆင်း

နတ်တလင်း အောက်တိုဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် စမ်းကလေးကျေးရွာအုပ်စုတွင် အကြိုအခြေခံမီးသတ်သင်တန်း(၁/၂၀၁၃)ဆင်းပွဲကို အောက်တိုဘာ ၂၀ ရက်က အဆိုပါရွာဘုန်းတော်ကြီးကျောင်းဝင်း၌ကျင်းပခဲ့ရာ ဒုမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးသတ်တာဝန်ခံ၊ အရန်မီးသတ် ဒုတပ်ရင်းမှူး၊စခန်းမှူး၊ရပ်မိရပ်ဖများနှင့် သင်တန်းသားများတက်ရောက်ကြပြီး သင်တန်းသား ၄၅ ဦးအား ဒုမြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ (ဝ၇၁)

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကျေးလက်နေပြည်သူများအား လူကုန်ကူးခံရခြင်းမှ ကင်းဝေးစေရန် ဟောပြောပွဲကို အောက်တိုဘာ ၁၉ ရက်က ပဲခူးမြို့နယ် အဝိုင်းကျေးရွာတွင် ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသူ ဟောပြောဆွေးနွေးစဉ်။ (မြို့နယ်အမျိုးသမီးရေးရာ)

အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲ ညောင်တုန်း၌ကျင်းပ

ညောင်တုန်း အောက်တိုဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ကျန်းမာရေးဦးစီးဌာန၏စီစဉ်မှုဖြင့် ကျေးလက်ဒေသများတွင် သားဖွားဆရာမလက်လှမ်းမမီသော ဝေးကွာသည့်နေရာဒေသများရှိ သင်တန်းသူများကိုဦးစားပေးရွေးချယ်၍ အရန်သားဖွား ဆရာမများ(အသစ်) သင်တန်းသူများကို စတင်မွေးထုတ်ပေးကာ ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးအသိပညာပြန့်ပွားရေးနှင့် စောင့်ရှောက်မှုပေးနိုင်ရေး၊ မျိုးဆက်ပွားကျန်းမာရေးစနစ်တကျ အကောင်အထည်ဖော်နိုင်ရေး၊ ကိုယ်ဝန်ဆောင်မိခင်များ အချိန်မီ လွှဲပြောင်းပေးနိုင်ရေးနှင့် သေဆုံးမှုလျော့နည်းပပျောက်ရေးတို့ကို ရည်ရွယ်၍ အရန်သားဖွားဆရာမသင်တန်း (၁/၂၀၁၃)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် ကျေးလက်ဒေသများမှ သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှ သုံးလ ကြာမြင့်မည်ဖြစ်ကြောင်းသိရသည်။ **(ဝင်းမြင့်ကျော်-ညောင်တုန်း)**

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တီဘီဆေးကျွေးလုပ်ငန်းဆောင်ရွက်

ရပ်စောက် အောက်တိုဘာ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ မြို့နယ်အတွင်း တီဘီရောဂါပပျောက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် အမျိုးသမီးရေးရာအဖွဲ့(ဗဟို)မှ ဖွင့်လှစ်သောသင်တန်းသို့ သင်တန်းသူနှစ်ဦး စေလွှတ်ခဲ့ပြီး အဆိုပါသင်တန်းသူ နှစ်ဦးမှ သင်တန်းသူ ၃၀ တို့ကို ပြန်လည်ပို့ချ၍ ဆယ်အိမ်စုမှူးများ၊ သင်တန်းသူများ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မြို့ပေါ်ရှစ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၂ အုပ်စုအတွင်း သံသယရှိလူနာများကို ကွင်းဆင်းရှာဖွေဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ရှာဖွေခဲ့ရာမှ သံသယရှိလူနာများ၏ သလိပ်များကို ကျန်းမာရေးဌာနသို့ပေးပို့စစ်ဆေးပြီး တွေ့ရှိလူနာများကို မြို့နယ်ကျန်းမာရေးဌာနမှ ညွှန်ကြားသည့်အတိုင်း ဆေးကျွေးခဲ့ရာ လူနာလေးဦးမှာ ရောဂါပျောက်ကင်းပြီး ဆေးကျွေးဆဲလူနာခုနစ်ဦးရှိကြောင်း မြို့နယ်မိခင်နှင့်ကလေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ပိုပိုညွန့်က ပြောပြသည်။

တီဘီရောဂါပျောက်ကင်းသွားသူလေးဦးအနက် ဥတ္တတာရပ်ကွက်မှ ဒေါ်ဝင်းဝင်းခိုင်က ပြောပြရာတွင် "ကျွန်မမှာ တီဘီရောဂါရှိမှန်း မသိခဲ့ပါဘူး၊ ဆေးလိပ်သောက်လို့၊ အစားမှားလို့၊ ရာသီဥတုမကောင်းလို့ ရိုးရိုးချောင်းဆိုးတာလို့ထင်ခဲ့ပါတယ်၊သလိပ်စစ်ကြည့်မှ တီဘီရောဂါဆိုတာ သိရပါတယ်၊ အခုတော့ ဆေးမှန်မှန်တိတိကျကျစားလို့ လုံးဝရောဂါပျောက်ကင်းသွားတဲ့အတွက် ဝမ်းသာကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။

ယခုအခါရပ်စောက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အနေဖြင့်ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် အကျိုးပြုလုပ်ငန်းများကို ပြည်သူများကြား ကျယ်ကျယ်ပြန့်ပြန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဖေထွဏ်းဇော်-ရေစကြို)**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး





ဘယ်စာကို ဘယ်လိုဖတ်ရမည်နည်း

သောကြာ
မောင်ကလေး

စာအုပ်စာပေ လူ့မိတ်ဆွေဟူသော ဆောင်ပုဒ်အတိုင်း ယခုအခါ မိတ်ဆွေစာအုပ်တွေများပြားစွာ ထွက်ပေါ်နေ၏။ ဘာသာရပ်ဆိုင်ရာစာအုပ်တွေ အမျိုးအမည်များလှသဖြင့် တွေးရခက်နေ၏။ ဘယ်စာကို ဘယ်လိုဖတ်ရမည်နည်းဟု စဉ်းစားသောအခါ စာပေပညာရှင်ကြီးများချမှတ်ထားသော စာဖတ်နည်းသုံးမျိုးကို သတိရမိ၏။

၁။ ကွမ်းစားသကဲ့သို့ ဖတ်နည်း၊

၂။ ကြံစုပ်သကဲ့သို့ ဖတ်နည်း၊

၃။ အုန်းသီးစားသကဲ့သို့ ဖတ်နည်း။

၁။ ကွမ်းစားသကဲ့သို့ဖတ်နည်းဟူသည်မှာ ခံတွင်းချဉ်၍ ကွမ်းစားလိုက်သောအခါ မကြာမီပါးစပ်ထဲတွင် ကွမ်းတံတွေးများထွက်ပေါ်လာ၏။ ထိုအခါ ကွမ်းတံတွေးများကို ထွေးပစ်လိုက်ရ၏။ ထို့နောက် ကွမ်းယာ၏ အရသာကုန်သောအခါ ကွမ်းဖတ်များကို ထွေးပစ်လိုက်ရပြန်၏။ ပါးစပ်ထဲတွင် ဘာကျန်သေးသနည်း။ ဘာမျှ မကျန်တော့ပါ။ သို့သော် ခံတွင်းချဉ်ပြေသော အကျိုးကိုကားရရှိပေ၏။ ထိုဥပမာကဲ့သို့ ဖတ်ရမည့်စာအုပ်ကား ပေါ့ပေါ့ပါးပါးဖြစ်သော ရုပ်ပြကဲ့သို့သော စာပေများကို ဖတ်ခြင်းဖြင့် စာဖတ်လိုသောဝါသနာမျိုးစေ့ အစပျိုးသောအကျိုးကိုရရှိ၏။ ဤသည်ကား ကွမ်းစားသကဲ့သို့ ဖတ်နည်းဖြစ်လေ၏။

၂။ ကြံစုပ်သကဲ့သို့ဖတ်နည်းဟူသည်မှာ ကြံချောင်းကို ခုတ်ပိုင်းဖြတ်ပြီး အခွံကိုနွှာကာ ကိုက်ဝါးစားလိုက်လျှင် ကြံတွင်ပါရှိသော ချိုမြိန်သည့်အရသာထွက်ပေါ်လာ၏။ ထိုချိုမြိန်သော အာဟာရအရသာကို မျိုချလိုက်ရ၏။ အရသာကုန်အောင်ဝါးပြီးလျှင် ပါးစပ်ထဲတွင် ကျန်ရှိနေသော ဝါးဖတ်တွေကိုထွေးထုတ်ပစ်လိုက်ရ၏။ ဤနမူနာကဲ့သို့ပင် သုတရသစာအုပ်စာပေများကိုဖတ်သောအခါ မိမိအတွက်အကျိုးသက်ရောက်မှုရှိသော စာပိုဒ်များကို အထပ်ထပ်ဖတ်ရှုံမှုမက မမေ့နိုင်အောင် ကူးယူမှတ်သားထားရ၏။ မိမိအတွက်အကျိုးမရှိ အသုံးမဝင်သောစာပိုဒ်များကိုကား မေ့ထားလိုက်ရန်သာဖြစ်၏။ ဤသည်ကား ကြံစုပ်သကဲ့သို့သော စာဖတ်နည်းဖြစ်လေ၏။

၃။ အုန်းသီးစားသကဲ့သို့သော စာဖတ်နည်းဟူသည်မှာ အုန်းသီးတစ်လုံးရရှိ၍ စားတော့မည်ဆိုလျှင် ပထမ အုန်းခွံကိုခွာရ၏။ ထိုအုန်းခွံကို ကြိုးကျစ်လျှင် အုန်းဆံကြိုးရရှိ၏။ ထိုမျှမက အုန်းခွံကို မိမိဉာဏ်ရှိသလို အသုံးပြုနိုင်ခြင်းစသော အကျိုးကျေးဇူးများကိုရရှိနိုင်၏။ အုန်းခွံကိုခွာပြီးနောက် အုန်းသီးကိုခွဲလိုက်လျှင် အုန်းရည်ရရှိ၏။ ထိုအုန်းရည်ကား ခန္ဓာကိုယ်ရှိ ကိုယ်တွင်းအင်္ဂါများကို ကောင်းကျိုးဆောင်ပေး၏။ အုန်းဆံကိုကား အုန်းထမင်းချက်စားနိုင်၏။ မြန်မာမုန့်အများအပြားတွင် အုန်းဆံများဖြူးကာ စားသုံးရသည်မှာ အရသာပိုမိုကောင်းမွန်၏။ အုန်းဆံခြစ်ယူပြီးသောအုန်းခွက်ကို အရိုးတပ်ကာ ရေသောက်၍ရသော အုန်းမှုတ်ခွက်အဖြစ်အသုံးပြုနိုင်၏။ ဤသို့လျှင် အုန်းသီးတစ်လုံးတွင်ပါရှိသည့် အရာဝတ္ထုအားလုံးသည် လွှင့်ပစ်စရာမရှိအောင်အသုံးဝင်နေ၏။ ထိုဥပမာကဲ့သို့ပင် စာတစ်အုပ်လုံးသည် မိမိအတွက် လောကီလောကုတ္တရာ သူ့နေရာနှင့်သူအသုံးချနိုင်၏။ ထိုစာအုပ်မျိုးကိုကား နှုတ်တက်အာဂုံဆောင်နိုင်သမျှဆောင်ပြီးလျှင် ကိုယ်နှင့်မကွာဆောင်ထားပြီး အချိန်ရတိုင်းဖတ်ရမည့် စာအုပ်ဖြစ်၏။ ဤစာအုပ်သည်ကား အုန်းသီးစားသကဲ့သို့ ဖတ်ရမည့်စာအုပ်ဖြစ်လေ၏။ ။

အောင်ရေလိုအပ်လျက်ရှိသော တောင်သူတို့ မိုးရွာသွန်း၍အဆင်ပြေ

ရေတာရှည် အောက်တိုဘာ ၂၂

မုတ်သုံမိုးဆုတ်ခွာသွားခဲ့ပြီးနောက် မိုးရွာသွန်းခြင်းမရှိတော့၍ ရေတာရှည်မြို့နယ်တွင် စပါးစိုက်တောင်သူများ အောင်ရေလိုအပ်လျက်ရှိရာ အောက်တိုဘာ ၁၈ ရက်က မိုးအဆက်မပြတ်ရွာသွန်းခဲ့သဖြင့် အဆင်ပြေသွားပြီဖြစ်သည်။

မိုးစပါးစိုက်ပျိုးရာတွင် သက်ယဉ်နှင့် သက်လတ်စပါးမျိုးများကို အဓိကစိုက်ပျိုးကြပြီး သက်ယဉ်စပါးများကို စတင်ရိတ်သိမ်းလျက်ရှိပြီဖြစ်သည်။ "ဒီရက်ပိုင်းမိုးကမရွာတော့ လေးရက်လောက်ရေတင်လိုက်ရတယ်၊ ရေမတင်လို့လည်း မရဘူး၊ အနှံထွက်ခါစပြုနေပြီ။ ဒီပြင်အခြားတောင်သူတွေလည်း ရေလိုနေတာပဲ၊ အခု မိုးရွာလိုက်တော့ အားလုံးအဆင်ပြေသွားတာပေါ့" ဟု ဆွာမင်းလမ်းအုပ်စု အေးသာယာရွာနေ တောင်သူတစ်ဦးက ပြောသည်။ **(၅၇၈)**

ဆိုင်ကယ်တစ်စီး လမ်းလျှောက်သူကို ဝင်တိုက်

မလှိုင် အောက်တိုဘာ ၂၂

မလှိုင်မြို့တွင် အောက်တိုဘာ ၁၈ ရက် ည ၁၁ နာရီက မလှိုင်မြို့မ ရဲစခန်းမှ အလုပ်သင်ဒုရဲအုပ် သက်နိုင်မိုးသည် ထမင်းစားပြီး ရင်ဇင်းဆိုင်ကယ်အနက်ဖြင့် တာဝန်ထမ်းဆောင်ရန် စခန်းသို့ ပြန်လာစဉ် မလှိုင်မြို့မရပ်ကွက် မိတ္ထီလာ- မြင်းခြံသွား ကားလမ်း မိုင်တိုင်အမှတ် (၂၁) လျှပ်စစ်ရုံးရှေ့အရောက်၌ လျှပ်စစ်ရုံးမှဝန်ထမ်း ဦးသက်ခိုင်လမ်းလျှောက်လာစဉ် ဝင်တိုက်မိ၍ ဦးသက်ခိုင် (၄၄)နှစ်မှာ ဝဲ၊ ယာ ခြေထောက်များတွင် ဒဏ်ရာများရရှိပြီး ဆိုင်ကယ်စီးသူ အလုပ်သင် ဒုရဲအုပ်သက်နိုင်မိုးမှာ နှာခေါင်းသွေးထွက်ကာ နဖူးတွင်ဒဏ်ရာရရှိပြီး သတိမေ့သွားသဖြင့် မိတ္ထီလာဆေးရုံမှ တစ်ဆင့် မန္တလေးဆေးရုံကြီးသို့ တင်ပို့ရာ ၁၉ ရက်တွင် ရရှိသော ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရသည်။ **(တင်လှိုင်-မိတ္ထီလာ)**

လူဦးရေနှင့် အိမ်အကြောင်းအရာ အသိပညာပေးဟောပြော

တောင်တွင်းကြီး အောက်တိုဘာ၂၂

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်တွင် ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဟောပြောပွဲများကို မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၇၂ အုပ်စုတို့အား ကွင်းဆင်းဟောပြောလျက်ရှိရာ အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကုက္ကိုခွကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူးဦးအောင်သန်းဝင်းက ကျေးရွာနေပြည်သူများ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူချိန်တွင် မေးမြန်းမည့် မေးခွန်းများနှင့်ပတ်သက်၍ မှန်ကန်တိကျစွာပြောဆိုပေးနိုင်ရေး၊ သန်းခေါင်စာရင်းကောက်ယူရခြင်း၏ရည်ရွယ်ချက်၊ သန်းခေါင်စာရင်းကောက်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများအား ပြည်သူများ ပိုမိုသိရှိနားလည်စေရန် ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ ပြည်သူများက သိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ပြီး ဒေသခံပြည်သူများအား လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးကာ မြို့နယ်သန်းခေါင်စာရင်းကော်မတီများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၅၈၀)**

မူလတန်း ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေး

ရမ်းဗြဲ အောက်တိုဘာ ၂၂

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် မြို့ပေါ်အမှတ်(၂)ရပ်ကွက် ရွှေတုံးမူလတန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ကျန်းမာ ဖွံ့ဖြိုးဉာဏ်ရည်တိုးစေရန် ရည်ရွယ်၍ နွားနို့တိုက်ကျွေးခြင်းကို အောက်တိုဘာ ၉ ရက် မွန်းလွဲ ၂ နာရီက အဆိုပါမူလတန်းကျောင်း၌ ပြုလုပ်သည်။ အဆိုပါ နွားနို့တိုက်ကျွေးရာသို့ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ခင်သန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းများ တက်ရောက်ခဲ့ကြပြီး မူလတန်းကျောင်းသား ကျောင်းသူ ၁၀၉ ဦးအား တာဝန်ရှိသူတို့က နွားနို့များ တိုက်ကျွေးခဲ့ကြကြောင်းသိရသည်။ **(၅၂၂)**

စီးပွားရေးကြော်ငြာ

Big Heart International Co.,Ltd

-အမျိုးသမီး Secretary တစ်ဦး အလိုရှိသည်။
-အသက် ၂၅-၄၀။ လစာ ၃၀၀၀၀၀ ကျပ် အထက်။
-Japanese Level.3 အထက်။ ၂၇ ရက် နောက်ဆုံး။

ဖုန်း-၀၉-၄၂၁၀၆၉၇၂၀၊ ၀၉-၅၀၂၆၅၆၅

ပညာဒါနသင်တန်းများဖွင့်မည်

ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင် အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ စပိန်၊ မလေး၊ ထိုင်း၊ အီလက်ထရွန်နစ်၊ ဆေးဝါးသုတ၊ ကွန်ပျူတာ
သင်တန်းများနှင့် စာရင်းကိုင် LCCI-I+II+III
သင်တန်းများကို ပညာဒါနအဖြစ် သင်ကြားပေးမည်။

သင်တန်းအားလုံး - ၂၆-၁၀-၂၀၁၃ ရက်ဖွင့်မည်။
စုံစမ်းရန် - ၅၁၈၀၂၄၊ ၅၃၇၀၂၆ (စမ်းချောင်း)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
စစ်ကိုင်းပညာရေးတက္ကသိုလ်
ဘွဲ့နှင်းသဘင်ကြေညာချက်

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်မှကျင်းပခဲ့သော အောက်ဖော်ပြပါ သက်ဆိုင်ရာဘွဲ့စာမေးပွဲ အသီးသီးကို ယှဉ်တွဲပါပညာသင်နှစ်များအလိုက် အောင်မြင်သူများသည် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၂၂၊ ၂၃ နှင့် ၂၄ ရက်များတွင် ကျင်းပမည့်စစ်ကိုင်းပညာရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

စဉ် သင်တန်းအမည်	သင်တန်းအမှတ်စဉ်	ပညာသင်နှစ် မှတ်ချက်
၁။ မဟာပညာရေးဘွဲ့	အပတ်စဉ်-၁၄	၂၀၁၂-၂၀၁၃
၂။ မဟာဒဿန(ပညာရေး)ဘွဲ့	အပတ်စဉ်-၆	၂၀၁၂-၂၀၁၃
၃။ ပညာရေးဘွဲ့	အပတ်စဉ်-၁၈ (နောက်ဆက်တွဲအောင်မြင်သူများ)	၂၀၁၁-၂၀၁၂
၄။ ပညာရေးဘွဲ့	အပတ်စဉ်-၁၉	၂၀၁၂-၂၀၁၃
၅။ ပညာရေးဘွဲ့	အပတ်စဉ်-၂၀	၂၀၁၂-၂၀၁၃
၆။ ပညာရေးဘွဲ့(စာပေးစာယူ)	အပတ်စဉ်-၁၃	၂၀၁၂-၂၀၁၃
၇။ မာလ်တီမီဒီယာအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာ(ပညာရေး)	အပတ်စဉ်-၁၃	၂၀၁၂-၂၀၁၃

ဖော်ပြပါပညာသင်နှစ် မတိုင်မီက "ဘွဲ့"စာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

၂။ လျှောက်လွှာပုံစံများကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရယူ၍ပြည့်စုံစွာဖြည့်စွက်ပြီး၊ ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်) အဝေးရောက် ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ တက်ရောက်ရန်လျှောက်ထားပြီး ဘွဲ့နှင်းအခမ်းအနား တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာထုတ်ပေးပါမည်။

၃။ လျှောက်ထားသူသည် (၁)လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (၂ × ၁½) လက်မအရွယ်(ဓာတ်ပုံနောက်ခံအပြာနုရောင်) ဓာတ်ပုံ(၃)ပုံနှင့် ဓာတ်ပုံ၏ နောက်ကျောတွင် အမည်၊ ခုံအမှတ်၊ မှတ်ပုံတင်အမှတ်တို့ကို ပီသစွာရေးသား၍ ကျောင်းသားမှတ်ပုံတင် ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူသက်မှတ်ပုံစံဖြင့် ပူးတွဲလျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့အတွက် ၁၅၀၀ ကျပ်(ကျပ်တစ်ထောင့်ငါးရာ တိတိ)၊ အဝေးရောက်ဘွဲ့အတွက် ၁၀၀၀ ကျပ်(ကျပ်တစ်ထောင်တိတိ)ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းရမည်။

၅။ ဘွဲ့အသီးသီးကိုတက်ရောက်ယူကြမည့်သူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြန်မာဝတ်စုံ၊ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့် ကိုက်ညီသည့် (မြန်မာ ထဘီ၊ အင်္ကျီ)တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံ ဝတ်ဆင်၍ တက်ရောက်ရမည်ဖြစ်ပါသည်။

၆။ ရပ်ဝေးမှပေးပို့လျှောက်ထားလိုသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေ ပို့လွှာဖြင့် 'ပါမောက္ခချုပ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်'ထံသို့ လိပ်မူပေးပို့၍ ငွေပို့လွှာ အောက်ခြေတွင် 'ဘွဲ့နှင်းသဘင်ကြေး'ဟု ဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာ မေးပွဲ၊ အောင်မြင်သည့်ခုံအမှတ်၊ ခုနှစ်၊ လနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာ ဖော်ပြရမည်။

၇။ လျှောက်လွှာများကို ၂၄-၁၀-၂၀၁၃ ရက်မှ ၈-၁၁-၂၀၁၃ ရက် နောက်ဆုံး ပေးပို့လျှောက် ထားရမည်။

၈။ ဘွဲ့ဝတ်ရုံငှားယူခွင့်ထောက်ခံစာကို ၁၈-၁၁-၂၀၁၃ ရက်မှစ၍ မော်ကွန်းထိန်းရုံးတွင် ထုတ်ပေးမည်။

၉။ ဘွဲ့နှင်းသဘင်ကို အောက်ဖော်ပြပါအစီအစဉ်အတိုင်းကျင်းပမည်-

ကျင်းပမည့်နေ့ရက်	-	၂၃-၁၁-၂၀၁၃ရက်(စနေနေ့)နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း
	-	၂၄-၁၁-၂၀၁၃ ရက်(တနင်္ဂနွေနေ့)နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း
ကျင်းပမည့်အချိန်	-	နံနက်ပိုင်း ၉း၀၀ နာရီ၊ မွန်းလွဲပိုင်း ၁၄း၀၀ နာရီ
ကျင်းပမည့်နေရာ	-	စစ်ကိုင်းပညာရေးတက္ကသိုလ်၊ စစ်ကိုင်းမြို့
အစမ်းလေ့ကျင့်မည့်နေ့ရက်	-	၂၂-၁၁-၂၀၁၃ ရက်(သောကြာနေ့)
ကျင်းပမည့်အချိန်	-	နံနက်ပိုင်း ၉း၀၀ နာရီ၊ မွန်းလွဲပိုင်း ၁၄း၀၀ နာရီ

၁၀။ အသေးစိတ်သိလိုပါက သင်တန်းရေးရာရုံး ဖုန်း-၀၇၂-၂၂၀၉၁ သို့ ဆက်သွယ်စုံစမ်း နိုင်သည်။

မော်ကွန်းထိန်း
သင်တန်းရေးရာဌာန
စစ်ကိုင်းပညာရေးတက္ကသိုလ်

သားအဖြစ်မှစွန့်လွှတ်ခြင်း

အမှတ်-၆၀၅၊ ဝရဇာ၊ ၅ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပနေ ဦးကျော်ဇော- ဒေါ်မြင့်မြင့်လွင်တို့၏သား မောင်ကျော်နိုင်ထွန်း ဗိုလ်ကြီး(ငြိမ်း)[၁၂/ဒဂတ(နိုင်)၀၄၃၄၁၂]သည် မိဘဆိုဆုံးမမှုကိုမနာခံဘဲမိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းနှင့်ပတ် သက်သည့် ကိစ္စအဝဝကို(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် သားအဖြစ်မှ ယနေ့မှစ၍အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မေးမြန်းခြင်းသည်းခံပါ။

ဦးကျော်ဇော
ဒေါ်မြင့်မြင့်လွင်

၂၀၁၂ ခုနှစ်အတွက် ချီးမြှင့်မည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၂ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ခြင်းအခမ်းအနား၏ အောက်ပါလုပ်ငန်းရပ် များကို ရန်ကုန်မြို့တွင် ကြော်ငြာခြင်းလုပ်ငန်းနှင့်အတူ တစ်ပေါင်းတည်းဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) Digital စနစ် စင်မြင့်ဆောက်လုပ်ခြင်း၊ စင်မြင့်ပြင်ဆင်ခြင်းနှင့်မီးအလှဆင်ခြင်း
(ခ) အခမ်းအနားကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင်ပြင်ဆင်ခြင်း
(ဂ) ဖိတ်ကြားဧည့်သည်နှင့်အနုပညာရှင်များ ဧည့်ခံကျွေးမွေးခြင်း
(ဃ) ဖျော်ဖြေရေးအစီအစဉ်ဆောင်ရွက်ခြင်း
(င) အစီအစဉ်ကြေညာသူ၊ ဆုဗန်းကိုင်၊ မိတ်ကပ်၊ လက်ဝတ်ရတနာနှင့် ပန်းအလှပြင် ခြင်းများ စီစဉ်ဆောင်ရွက်ခြင်း
(စ) ဖိတ်စာများနှင့်မှတ်တမ်းစာအုပ်ရိုက်နှိပ်ခြင်း
(ဆ) လက်မှတ်ရောင်းချခြင်းနှင့် လုံခြုံရေးအစီအစဉ်ဆောင်ရွက်ခြင်း
(ဇ) လိုအပ်ပါက ရုပ်မြင်သံကြား တိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ်ဆောင်ရွက်ခြင်းနှင့် သတင်းမီဒီယာများနှင့်ပတ်သက်၍ ပွဲကျင်းပချိန်တွင် စနစ်တကျရှိသော သတင်းရယူမှု အစီအစဉ်ဆောင်ရွက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၁-၁၀-၂၀၁၃ရက်မှစတင်၍ ရုံးချိန်အတွင်း တစ်စုံလျှင် ကျပ် ၁၀၀၀၀/-ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ၂၈-၁၀-၂၀၁၃ ရက်မှစတင်၍ ၂၂- ၁၁-၂၀၁၃ရက် ညနေ(၄)နာရီအထိ လျှောက်လွှာများလက်ခံခြင်းကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။ အိတ်ဖွင့်တင်ဒါ ဖွင့်ဖောက်ရွေးချယ်ကြော်ငြာမည့်ရက်အား ထပ်မံဆက်သွယ်ကြော်ငြာ အကြောင်းကြားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ရုံးချုပ်၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၃၇၄၃၉၊ ၅၃၄၈၈၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့ရုပ်ရှင်လုပ်ငန်း

လိုင်းကားအမြန်ရောင်းမည်

လက်ရှိ ပြေးဆွဲလျက်ရှိသော CNG ဟိုင်းလတ် ထ/---(၂)စီးအမြန်ရောင်း မည်။

ဖုန်း-၀၉-၅၁၁၆၈၅၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရွှေခင်းသာအဆင့်မြင့်အိမ်ရာ စီမံကိန်းအဆင့်(၇)၊ တိုက်အမှတ်(A-၁)၊ အခန်းအမှတ်(၁၀၆)တိုက်ခန်းအား ဒေါ်မြင့်မြင့်ရီထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပက်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက် အတွင်းကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဖြူဖြူလွင် (LL.B) စဉ်-၆၂၈၃/၉၅ တရားလွှတ်တော်ရှေ့နေ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက် အမှတ်(၆)၊ မြေကွက်အမှတ်(၁၂၅၇)၊ အောင်သုခ(၂၆လမ်း)၊ ၆/အရှေ့ရပ်ကွက် မြေအကျယ် ပေ(၂၀ × ၆၀)ရှိ ဒေါ်တင်ငွေ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်နှင့် ၎င်းမြေပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အလုံးအား ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းဇော်(ခ)ဦးကျောက်နီ[၁၂/သကတ(နိုင်)၁၈၀၁၈၃]ထံမှ ကျွန်တော် ဦးထွန်းအောင်စိန်[၁၂/လကန(နိုင်)၀၂၈၇၅၀]က စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်၊ ခြံ၊ မြေနှင့်ပက်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ခွင့်ရှိသူ၊ သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများ၊ အထောက်အထား အပြည့်အစုံယူဆောင်လာလျက် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်တော် ဦးထွန်းအောင်စိန်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးထွန်းအောင်စိန်
[၁၂/လကန(နိုင်)၀၂၈၇၅၀]
အမှတ်-၈၄၈၊ ရတနာပုံလမ်း၊(၂၂)ရပ်ကွက်၊
ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။

MYANMA POSTS AND TELECOMMUNICATIONS
Mobile Communications Department
INVITATION TO TENDER

Open tenders are invited for supply and implementation of the following systems in US Dollars.

SrNo.	Description	Capacity(Subscribers)
(1)	OCS(Online Charging System) Mobile Convergent Billing Solution, Including CRM(with Customer management, Marketing management, Contact management, Trouble ticket system)	6 Millions
(2)	Short Message Center	6 Millions
(3)	PCRF(Policy and Charging Rules Function)	4 Millions

Tender Closing Date &Time; 14.11.2013, 16:30 hour.

Tender Documents in detail will be available during office hours, from 24st october, 2013 at the Mobile Communication Department office of MPT, East Shwegondaing Road, Bahan township.

Tender Evaluation Committee

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံ(၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ်-၂၅၃ ကို ၅-၁၁-၂၀၁၃ ရက်နှင့်
- စနေ/တနင်္ဂနွေအထူးသင်တန်းကို ၉-၁၁-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။
- အင်ဂျင်၊ ဂဟေ၊ တွင်ခုံ၊ ဖောက်ခုံ၊ သင်တန်းကို ၇-၁၁-၂၀၁၃ တွင်ဖွင့်လှစ်ပါမည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့်"ခ"လိုင်စင်ရရှိရေးကူညီဆောင်ရွက်ပေးသည်။
- လမ်းညွှန်-(၁) အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေဧည့်သည်(၁)ဂိတ်ဆုံး
  (၂) မဟာဗန္ဓုလတံတား၊ Ocean Center အနီး ၃၄၊ ၃၅၊ ၅၇ သန်လျင်ကားများစီး၍ Ocean မှတ်တိုင်ဆင်းပါ။

ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည် ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က)	ဆေးဝါးပစ္စည်း	-	၆၇ မျိုး
(ခ)	မီးသတ်ဆေးဘူး	-	၃၈ ဘူး
(ဂ)	Solex သော့	-	၆၀ လုံး

၂။ တင်ဒါပုံစံထုတ်ပေးမည့်ရက် ၁၈-၁၀-၂၀၁၃
၃။ တင်ဒါပိတ်မည့်ရက် ၁၉-၁၁-၂၀၁၃
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ဖုန်း-၀၆၇ ၄၁၄၈၁၈ တွင် လာရောက် စုံစမ်းနိုင်ပါသည်။

စင်ကာပူနိုင်ငံတွင်သွားရောက်ပညာသင်ကြားလိုသူများအတွက် ဆွေးနွေးပွဲအခမဲ့တက်ရောက်နိုင်

စင်ကာပူနိုင်ငံတွင်ပညာသင်ကြားလိုသော မြန်မာကျောင်းသား/သူများအတွက် ပညာရေး ဆွေးနွေးပွဲကို OESC Education Center တွင် အောက်တိုဘာလ ၂၃ရက်၊ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂နာရီမှ ၄ နာရီအထိ SAA-Global Education မှတာဝန်ရှိသူ Ms.Amber Tam မှ အသေးစိတ် ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အထူးအစီအစဉ်အနေဖြင့် SAA-GE တွင် လာမည့် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလကျောင်းဖွင့် ချိန်အတွက် အောက်တိုဘာလ ၂၃ ရက် Seminar တွင် OESC မှကျောင်းအပ်သူများကို Application Fee S$ 100 Discount ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဆွေးနွေးပွဲတက်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းရန် OESC Education Center မြေနီကုန်း၊ ပြည်လမ်း၊ ဖုန်း-၀၉-၇၃၀၉၄၀၆၀၊ ၀၁-၅၁၉၀၉၂ သို့ ကြိုတင်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရှိရပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၁/က)၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ)၊ မြေကွက်အမှတ်-၁၆၊/၁၁(က)၊ အကျယ်အဝန်းပေ(၂၀×၆၀) မြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဒေါ်နွဲ့နွဲ့စန်း[၁၂/ဥကတ(နိုင်)၀၉၈၄၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှအပြီးအပိုင် ဝယ်ယူရန် အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)	**ဦးမြတ်ထွန်း(B.Sc, R.L)**
အထက်တန်းရှေ့နေ(စဉ်-၂၇၁၂၈)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၉၀)**

အမှတ်(၅၅)၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀-၇၂၂၂၊ ၆၅၀၉၀၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ရွှေမင်းဝံလမ်း၊အမှတ်(၃၁၈/က)၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၇)၊ မြေကွက်အမှတ်-၃၁၈/(က)၊ အကျယ်အဝန်း ပေ(၂၀×၆၀)မြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ် ပိုင်ဆိုင်သည့် ဒေါ်မြစိမ်း[၁၃/လရန(နိုင်)၀၇၈၂၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးမှအပြီးအပိုင် ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော် လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သဲစုထွေး(LL.B,D.B.L,D.M.L,D.I.L)	**ဦးမြတ်ထွန်း(B.Sc, R.L)**
အထက်တန်းရှေ့နေ(စဉ်-၂၇၁၂၈)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၆၉၀)**

အမှတ်(၅၅)၊ ၁၄ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉-၇၃၀-၇၂၂၂၊ ၆၅၀၉၀၃

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

Computer Basic | LCCI I-II-III | MYOB | Service Technician | GRAPHIC DESIGN

HOT LINE - 0949290778, 383893, 253293

KKH

တော်ဝင်စင်တာ ဝါကျွတ်ကာလ အထူးဈေးရောင်းပွဲတော်

OCTOBER

Promotion & Customer Service Counter

www.myanmarnoblecollege.com

edexcel

MYANMAR NOBLE COLLEGE

ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

- HND Engineering
  - Construction & the Built Environment (Civil Engineering)
  - Electrical & Electronics
  - Mechanical
- HND Business
- HND Computing (IT)

Contact Info :

မြေကွက်ဝယ်လိုသည်

09 31589922

09 31268183

ဝယ်လိုသည်

- ကားအပ်ပြီးစလစ်၊
- စ၊ဆမှ သ၊အ အထိအပ်ကား

ဖုန်း-၀၉-၄၄၈၀၀၇၃၇၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်-၄၃၈၊ မြေကွက်တည်နေရာအမှတ်(၄၃၈)၊ အနော်မာလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးသိန်း)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးသိန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ရင်မြ[၁၂/သကတ(နိုင်)၁၀၀၀၅၀]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သား မောင်အောင်ဇင်မင်း[၁၂/မဂဒ(နိုင်)၁၃၄၁၁၈]သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုမူခဲ့သည့်အပြင် မိဘတို့၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှ ကျန်ရှိမိသားစုနှင့် မသက်ဆိုင်တော့ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးမြဟန်
[၁၂/မဂဒ(နိုင်)၀၇၃၂၉၃]
ဒေါ်ကျင်မြိုင်
[၁၂/မဂဒ(နိုင်)၀၆၃၆၂၇]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၁၊ မြေကွက်အမှတ်-၉၅၊ မြေကွက်တည်နေရာအမှတ်(၉၅)၊ ၁၃၁ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်(ဦးအောင်စိုးသန်း)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်စိုးသန်းနှင့်ဇနီးဖြစ်သူ ဒေါ်မေချစ်ကွယ်လွန်သဖြင့် ဒေါ်ယဉ်ယဉ်အောင်[၅/ခဥန(နိုင်)၁၁၄၀၃၉]၊ ဒေါ်အေးအေးအောင်[၅/သကန(နိုင်)၀၁၆၀၂၀]၊ ဦးနန္ဒလင်းအောင်[၁၂/မဂဒ(နိုင်)၀၉၅၇၂၉]၊ ဦးငြိမ်းချမ်းအောင်[၁၀/သဖရ(နိုင်)၀၉၃၆၅၇]၊ ဦးရာကျော်အောင်[၁၀/သဖရ(နိုင်)၁၀၆၆၄၀]၊ ဦးအောင်မြင့်ဦးအောင်[၅/ခဥန(နိုင်)၀၉၄၈၇၄]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော သား၊ သမီးများဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ်-၃၂၃/ခ၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ အောင်ဇေယျ(၇)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သင်္ဃန်းကျွန်း ဒေါ်ခင်တင့်(ISN-၁၇၅၅၆၂)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်တင့်(မိခင်)နှင့် ဦးပါ(ခ)ဦးအေးမောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြဝင်း[၁၂/မဂတ(နိုင်)၀၅၇၂၅၉]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် GP No-၁၈၇၂၇(၂-၁၀-၂၀၁၃)ရသူ ဦးကျော်စွာထွန်း[၁၄/ဟသတ(နိုင်)၀၀၃၉၆၅]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂလာဘရွှေဝဒိုး ထိုင်း-ဒီလီ-သီရိလင်္ကာ-ထိုင်း-ပြည်ပခရီးသွားလုပ်ငန်း
နိုဝင်ဘာလ - ၁၅ ရက်ခရီးစဉ် (၇-၅) သိန်း 9.11.2013 - 27.11.2013 နေ့ ထွက်ခွာမည်။
ဒီဇင်ဘာလ - ၁၅ ရက်ခရီးစဉ် (၇-၅) သိန်း 14.12.2013 နေ့ ထွက်ခွာမည်။
ထွက်ခွာမည့်နေ့ (14-11-2013)
ဒေါ်ဝင်းဝင်း
PH: 09 73008800, 09 42005095

စိန်ပင်လယ် (စိန်ရွှေရတနာဆိုင်)
သီတင်းကျွတ်အထူးအစီအစဉ်
Junction Square Centre, ပြည်လမ်းနှင့် ကျွန်းတောလမ်းကြား၊ ညာဘက်စက်လှေကားအနီး
PH: 09 73008800, 09 420050956

မင်းဟာ စကြဝဠာရဲ့ အရှင်သခင်

ပထမအကြိမ် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဖြင့်တင်ဆက်မည့် အသိပညာပေးပြပွဲကြီး
လူတိုင်းလူတိုင်း လမ်းပေါ် ထွက်နေကြရပါတယ်
လမ်းတွေကို အသုံးပြုနေကြရပါတယ်
လမ်းအသုံးပြုသူ လူတိုင်းလူတိုင်း လာကြည့်ရမယ့် ပွဲ
Ph: 09 2500 74074, 09 250 201146, 09 44800 8773

ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက်. . .

ဆရာဦးမင်းသူ + ဆရာမဒေါ်မော်မော်စန်း

(B.A)Korean YUFL တို့၏

ကိုရီးယား ဘာသာသင်တန်းကျောင်းမှ

အခြေခံနှင့် **EPS-TOPIK** သင်တန်းများ၊

စကားပြောသင်တန်းများကို စတင်လက်ခံ

သင်ကြားပေးနေပါသည်။

သင်တန်းစတင်မည့်ရက် - ၁၅-၁၁-၂၀၁၃ရက်

သင်တန်းနေရာ

Center 1»»» (၃၈၆)၊ မိဂသီလမ်း၊ ၁၂ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း-၀၉-၈၆၁၈၄၄၀၊ ၀၉-၇၃၁၆၅၇၅၁

Center 2»»» တိုက်(၁၂)၊ D2 သမိုင်းလမ်းဆုံ၊
ရန်ကုန်-အင်းစိန်လမ်းမ၊ ရန်ကုန်။
ဖုန်း-၀၉-၂၀၄၅၄၄၇၊ ၀၉-၃၃၂၁၆၀၃၁၊
၀၁-၆၅၀၁၅၈

KING STAR ဖုန်း-
ကွန်ပျူတာအခြေခံသင် 25000Ks
Internet
Office 2010
D.T.P
Graphic Design
A+ Hardware
Video Editing
AutoCAD

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ (၇)လမ်း(မြောက်)၊ မြေတိုင်းရပ်ကွက်အမှတ် ၆-ဒီ၊ (၁၄၊၁၅၊၁၆)၊ အမှတ်(၂၉၀)၊ တစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို စာချုပ်အဆက်အစပ်ဖြင့် တရားဝင်ဝယ်ယူ၍ လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုဝန်ခံကတိပြုသူ ဒေါ်တင်တင်အေး[၁၂/တမန(နိုင်)၀၇၃၆၂၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့် အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ညွှန်ကြားချက်အရ-ဒေါ်လှလှဝေ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၈၀)
အမှတ်(၈၈၂/ခ)၊ ပေါက်ပင်လမ်း၊ အောင်ဆန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၇၄၅၂၂

ကျော်ကျော်နိုင်မိသားစုကုမ္ပဏီလီမိတက်

အောင်ချမ်းမြေ့

ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

[JAPANESE LANGUAGE TRAINING CENTRE]

No.249,2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၅၉၈၇၀၊ ၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅

- ၃၁-၁၀-၂၀၁၃ ရက်မှ စတင်မည်။
- သင်ကြားနိုင်သည့်အချိန် (1) 9:00 AM to 4:00PM [Break (1) hour]
- သင်တန်းကာလ(၄)လ၊ တစ်ပတ်(၅)ရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ။
- ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း(၄၅၀)အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
- ပြည်တွင်း/ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
- အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
- “အောင်”ပြီး “ချမ်းမြေ့”မှုတွေရရှိဖို့ “အောင်ချမ်းမြေ့” ကိုလာခဲ့ပါ။
- ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံဆောင်ရွက်ပေးသည်။

တုံ့ပြန်ရှင်းလင်းကြေညာခြင်း

၂၄-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(စ)ပါ ဦးမျိုးမင်းသိမ်း၏ ညွှန်ကြားချက်အရ ဦးကိုကို(တရားလွှတ်တော်ရှေ့နေကြီး)၏ **ပိုင်ဆိုင်ကြောင်းအများသိစေရန်** ကြေညာခြင်းအပေါ် ကျွန်မ **ဒေါ်မြယမင်း**[၁၂/တမန(နိုင်)၀၈၁၁၆၉]မှ အောက်ပါအတိုင်း တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ တိုက်အမှတ်(၁၀)၊ ၇လွှာ(ခေါင်းရင်းခန်း)၊ ဧရိယာ ပေ(၁၅×၆၀)ရှိတိုက်ခန်းမှာ ဦးမျိုးမင်းသိမ်းနှင့် ကျွန်မ ဒေါ်မြယမင်းတို့၏ လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းဖြစ်ပြီး ဦးမျိုးမင်းသိမ်း(FIN NO-G-7263067 Q)မှာ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေသူဖြစ်သော်လည်း ကျွန်မအပေါ် မယားစရိတ်ထောက်ပံ့ပေးပို့မှုမရှိခြင်း၊ နည်းမျိုးစုံဖြင့် နှိပ်စက်ခြင်းနှင့် ကြီးလေးသောအိမ်ထောင်ရေး ဖောက်ပြန်မှုဖြစ်သော နောက်အိမ်ထောင်ထူထောင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရှိရသောကြောင့် ကျွန်မအနေဖြင့် စင်ကာပူနိုင်ငံသို့ (၁၀)ကြိမ်တိတိ လိုက်ရှာကာ အတွေ့မခံဘဲ ရှောင်တိမ်းနေသည့်အတွက် စိတ်ဆိုးပြီး ဒေါသအလျောက် ၂၅-၅-၂၀၁၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် နှစ်ဦးသဘောတူ ကွာရှင်းပြီးစီးခြင်းကြော်ငြာကို ထည့်သွင်းခဲ့ခြင်းဖြစ်ကြောင်းနှင့် ဦးမျိုးမင်းသိမ်းနှင့် ကျွန်မ ဒေါ်မြယမင်းတို့မှာ ယနေ့တိုင် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသည့်အတွက် ကျွန်မသာလျှင် တရားဝင်မယားကြီးဖြစ်ကြောင်း အများသိစေရန် တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်မြယမင်း[၁၂/တမန(နိုင်)၀၈၁၁၆၉]
အမှတ်(၁၀)၊ မြို့သစ်(၁)လမ်း၊ ၇လွှာ(ခေါင်းရင်းခန်း)၊
ကျောက်မြောင်းအရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၊ မြေကွက်အမှတ်(၅၆၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၆၆/ခ)၊ ၉ လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်အုံးတင်(ခ)အေးအေးမြင့်၊ ဒေါ်တင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်နှင့် ခင်ပွန်းဦးကောင်း ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အုံးတင်(ခ)အေးအေးမြင့်[၁၂/ဥကတ(နိုင်)၁၁၂၉၂၁]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၀၈၆၅(၃-၇-၂၀၁၃)ဖြင့် အထွေထွေကိုယ်စားလှယ် ဒေါ်တင်တင်ဝင်း[၁၂/စခန(နိုင်)၀၀၅၇၇၈]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၂-၂၈၅၀(၁၂-၇-၂၀၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္တာ ဘုရားဖူးအဖွဲ့နှင့် ဆက်သွယ်၍ မိမိတို့စိတ်ကြိုက်သော ဒါနကုသိုလ် ရယူနိုင်ပါသည် -

		မိဂဒါဝုန်	ကုသိနာရုံ	နယူးဒေလီ
၁။ မြေ(၁)စတုရန်းပေ/(၁)ယူနစ် (ကျပ်)		၁၅,၀၀၀	၁၀,၀၀၀	၃၀,၀၀၀
	ဂယာ	သာဝတ္ထိ	ကုသိနာရုံ	နယူးဒေလီ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂,၀၀၀	၂၀,၀၀၀	၂၀,၀၀၀	၃၀,၀၀၀

၃။ သာရီပုတ္တရာကျောင်းဆောင်သစ် ကရုဏ်မြန်မာဗုဒ္ဓဘာသာကျောင်း ၊ နာလန္ဒာ

(နှုန်းထားသတ်မှတ်ချက်မရှိပါ ၊ စေတနာသာအဓိကဖြစ်ပါသည်။)

ရုံးချုပ် - [illegible] ၊ ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၅၈၈၅ ၊ ၀၉-၅၈၆၀၀၀၂၃ ၊ ၀၉-၅၀၂၂၀၉၈

ရုံးခွဲ(၁) - အမှတ်(၂၈၉)၊ [illegible] ၊ ရန်ကုန်။
☎ ၀၁-၃၇၇၇၈၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၄၅၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale ၊ [illegible] ၊ ရန်ကုန်။
☎ ၀၁-၆၅၇၇၇၉၄ ၊ ၀၉-၅၈၆၀၀၄၄၄

သုံးခွမြို့၊ အထက(၁၊၂) ကျောင်းသား/သူများ၏ အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

သုံးခွမြို့၊ အထက(၁၊၂)၌ ပညာသင်ကြားပေးခဲ့သော ဆရာကြီး/ဆရာမကြီးများအား ဂါရဝပြုကန်တော့မည့် အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား/သူများအား ဖိတ်ကြားအပ်ပါသည်။

နေရာ - အထက(၁)ခန်းမဆောင်
နေ့ရက် - ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်(တနင်္ဂနွေနေ့)
အချိန် - နံနက် ၉ နာရီမှ စတင်ပါမည်။

လှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးမြသိန်း	ဖုန်း-၀၁-၆၆၁၃၇၉	ဦးချစ်ကိုကို	ဖုန်း-၀၉-၄၂၅၃၂၅၉၆
ဦးချစ်ထွန်း	ဖုန်း-၀၉-၅၀၁၉၇၇၁	ဦးစန်းမောင်	ဖုန်း-၀၉-၄၂၀၀၂၃၆၁၉
ဦးအုန်းသောင်	ဖုန်း-၀၉-၅၁၉၁၆၄၆	ဦးစိန်ငွေ	ဖုန်း-၀၉-၄၃၁၁၁၁၂၂
ဦးငွေးလှ	ဖုန်း-၀၉-၅၁၄၆၀၉၀	ဦးကြည်လှ	ဖုန်း-၀၉-၃၁၃၁၈၇၁၀
ဦးကျင်တိုး	ဖုန်း-၀၉-၅၁၂၃၀၇၄		

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ

ခြံအကျယ်ရောင်းရန်ရှိသည်

မရမ်းကုန်းမြို့နယ်၊ ၉မိုင်၊ ရန်ကုန်-ပြည်လမ်းမကြီးအနီး၊ အသင့်နေထိုင်နိုင်သောအိမ်ပါ။ ပါဝါမီတာပါ၊ အိမ်ဖုန်းပါ သင့်တင့်သောဈေးနှုန်းဖြင့် ရောင်းမည်။

ဖုန်း-၀၉-၅၀၄၄၉၉၈

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အမိရန်ကုန်ပညာရေးတက္ကသိုလ်နှင့် မြတ်ဆရာတို့၏ ကျေးဇူးကို အထူးသိစွာ ဆပ်လိုကြသည့် တပည့်အပေါင်းက စုပေါင်း၍ (၁၉)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၅-၁-၂၀၁၄ရက် (စနေနေ့) နံနက်(၉)နာရီတွင် တက္ကသိုလ်များ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါ၍ ကျေးဇူးရှင်မြတ်ဆရာတို့နှင့် ကျောင်းနေဖက် ငယ်ပေါင်းမိတ်ဆွေများ ကြည်နူးပီတိဖြစ်ဖွယ်ရာ တစ်နှစ်တစ်ခါ ပြန်လည်တွေ့ဆုံ ကုသိုလ်ယူပွဲသို့ ကြွရောက်ပါရန် ကြိုတင်ဖိတ်ကြား နှိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(၁)	ဒေါက်တာဒေါ်အေးအေးမြင့်(ပါမောက္ခ)ဌာနမှူး၊ ပညာရေးစိတ်ပညာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်	ဖုန်း-၅၃၇၉၅၁၊ ၀၉-၅၁၅၇၁၄၆
(၂)	ဦးအုန်းမြင့်	ဖုန်း-၀၉-၄၃၁၆၄၂၁၀
(၃)	ဦးကျော်သောင်း	ဖုန်း-၅၅၂၂၉၇
(၄)	ဒေါ်တင်တင်ရှု(DEPT)	ဖုန်း-၅၅၇၃၀၉
(၅)	ဦးစိုးဝင်း-ဒုချုပ်-ဦးစီး(၁)	ဖုန်း-၀၉-၅၀၀၆၃၉၈
(၆)	ဦးမျိုးသန့်-ဒုချုပ်-ဦးစီး(၂)	ဖုန်း-၀၉-၈၆၂၃၄၆၄
(၇)	ဒေါ်ဆွေဆွေလှဲ့ လ/ညွှန်ဦးစီး(၃)	ဖုန်း-၀၉-၄၉၄၅၀၇၈၀
(၈)	ဦးရှိန်းလိန်းအောင်	ဖုန်း-၀၉-၅၁၉၃၈၅၀
(၉)	ဒေါ်ကြူကြူရွှေ	ဖုန်း-၀၉-၅၀၀၂၈၇၄
(၁၀)	ဒေါ်ရီရီဝင်း	ဖုန်း-၂၄၆၃၁၉
(၁၁)	ဦးကျော်ဝင်း ထက်/အုပ်	ဖုန်း-၀၉-၇၃၀၀၉၁၄၃
(၁၂)	ဦးစိုးမြင့်(New Shwesin)	ဖုန်း-၀၉-၅၀၆၃၂၂၈

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကျေးဇူးတင်ဝမ်းမြောက်ခြင်း

(စင်ထရယ်)အထက(၁)လသာ၊ ၁၉၆၅/၈၅ခုနှစ်၊ ကျောင်းသားဟောင်းကြီးများ၏ (၂၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကြီးကို (၁၃၇၅ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့) ၁၉-၁၀-၂၀၁၃ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲကြီး ဖြစ်မြောက်အောင်မြင်အောင် လူအား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် လှူဒါန်းထည့်ဝင်ကြသော အလှူရှင်ကျောင်းသားဟောင်းကြီး များအားလုံး၊ ဆရာကြီး၊ ဆရာမကြီးများ၏ ကျန်းမာရေးကူညီစောင့်ရှောက်မှုတွင် ကျန်းမာရေးစစ်ဆေးပေးသော ဆရာဝန်(၂)ဦး၊ သူနာပြု(၄)ဦး၊ သွားနှင့်ခံတွင်း ဆရာဝန်(၈)ဦး၊ မျက်စိကုဆရာဝန်(၂)ဦးနှင့် လစဉ်အလှူငွေ ထည့်ဝင်သော ကျောင်းသားဟောင်းကြီးများအား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကျောင်းသားဟောင်းကြီးအားလုံး၏ ကောင်းမှုအစုစုအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် သာဓုအနုမောဒနာ ခေါ်ဆိုပါကြောင်း။

၁၉၆၅-၈၅ခုနှစ် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများ

[illegible]

ဦးကျော်ထူးအောင်သို့ တောင်းပန်ခြင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ (၁၆/၂)၊ အမှတ်(၉၇၂-ခ)တွင်နေထိုင်သော ဒေါ်တင်အုန်းစိန်[၁၂/ရကန(နိုင်)၀၅၁၀၀၄]ကိုင်ဆောင်သူမှ ဦးကျော်ထူးအောင်သို့ တောင်းပန်ခြင်းဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။ ၃-၉-၂၀၁၃ရက်စွဲနှင့် ၂၆-၉-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဦးကျော်ထူးအောင် ကြေညာခဲ့သည့်အချက်များအနက်မှ ဒေါ်ကရီမာ၏ ကိစ္စပါဝင်ခြင်းမရှိဘဲ (၁)မပန်းအိစိုး၊ (၂)ဒေါ်တင်အုန်းစိန်တို့နှင့် ပတ်သက်သောကိစ္စတို့ကို သတင်းစာကြော်ငြာပါသည့်နေ့မှ(၃)လအတွင်း အပြေလည်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ခွင့်ပြုပါရန် ဦးကျော်ထူးအောင်သို့ တောင်းပန်ခြင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်အုန်းစိန်
၉၇/ခ၊ (၁၆/၂)ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်။

[illegible] Function Hall [illegible]

Microsoft [illegible]
Day 2 Application Development
[illegible]

ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ သတိပေးနှိုးဆော်ချက်

ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေအရ အောက်ပါပရိဝုဏ်အဆောက်အအုံအခန်းနှင့် နေရာများသည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်သည်-

(က) ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊
(ခ) ဆေးကုဂေဟာနှင့် ဆေးခန်းများ၊
(ဂ) အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊
(ဃ) ကလေးကစားရုံနှင့် ကစားကွင်းများ၊
(င) ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေးအဆောက်အအုံ စာသင်ခန်းရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ။
(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေးအဆောက်အအုံစာသင်ခန်းနှင့် ရုံးခန်းများ၊
(ဆ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊
(ဇ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် ဈေးရုံများ၊
(ဈ) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊
(ည) ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊
(ဋ) ခရီးသည်သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊
(ဌ) လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ၊
(ဍ) အများပြည်သူသုံးအခန်းကြီးများ၊
(ဎ) ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် စာသင်ခန်းများ၊
(ဏ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်အများပြည်သူဆိုင်ရာ အခြားပရိဝုဏ်အဆောက်အအုံနှင့် နေရာများ။

ကျန်းမာရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းလှအောင်

အသက်(၄၈)နှစ်

တံတားမြို့၊ အထက ကျောင်းသားဟောင်း ဦးထွန်းလှအောင် ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အထကကျောင်းသား/သူဟောင်းများနှင့်
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ တံတားမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းလှအောင်

အသက်(၄၈)နှစ်

ဇာတိမြေမြတ်ကျေးဇူးဆပ် အထူးတရားပွဲမှ လူငယ်ခေါင်းဆောင် ဦးထွန်းလှအောင် ရုတ်တရက်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗုဒ္ဓအသံ-ဓမ္မအောင်လံ
လူငယ်အကျိုးဆောင်အဖွဲ့၊ တံတားမြို့

မဝင်းမြင့်နှင့်အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုမောလမ်းမကြီး၊ အမှတ်(၁၀၈၃)နေ မဝင်းမြင့်နှင့် အများသိစေရန် အထက်ပါလိပ်စာရှိ(၁၃၊၀၆၀)ပေမြေနှင့် ယင်းမြေကွက်အား ဂရန် အမည်ပေါက်သူ ဦးသောင်းစိန်ကပိုင်ဆိုင်ပြီး အဆိုပါမြေကွက်နှင့်အိမ်ကို ဦးသောင်းစိန်ကိုယ်တိုင် ပါဝင်သိရှိခြင်းမဟုတ်ဘဲ တစ်နည်းနည်းဖြင့် ရောင်းချပေါင်နှံငှားရမ်း၊ လွှဲပြောင်း၊ လျှုတမ်းပေးကမ်း၊ အမည်ပြောင်းခြင်းများကို မပြုလုပ်ရန်နှင့် တားမြစ်ချက်ကိုမလိုက်နာပါက တည်ဆဲဥပဒေအရ တရားစွဲဆိုမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမင်းထွန်း	**ဒေါ်ဇင်မီသင်း**
LL.B, D.B.L.,	LL.B,D.B.L., D.I.L, M.B.L.,
MA(Business Law PART II)	အထက်တန်းရှေ့နေ(စဉ်-၃၄၀၉၀)
အထက်တန်းရှေ့နေ (စဉ်-၂၅၃၂၈)	

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မဒေါ်မြင့်မြင့်ခိုင် မှတ်ပုံတင်အမှတ်[၁၄/ပသန(နိုင်)၀၅၆၀၅၂] သည် ၂၆ရက် ဩဂုတ်လ ၂၀၁၃တွင် ဦးမောင်စိန် မှတ်ပုံတင်အမှတ် PTNW-၀၀၈၇၁၄သို့ လွှဲပြောင်းပေးအပ်သော General Power ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

ဒေါ်မြင့်မြင့်ခိုင်
[၁၄/ပသန(နိုင်)၀၅၆၀၅၂]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်(၆၂၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၆၂၅/ခ)၊ အသယ(၂)လမ်း၊ ၁၀ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ (ဦးအသန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးအသန်းနှင့်ဇနီးဒေါ်ဖွားညွန့် ကွယ်လွန်သဖြင့် ဒေါ်လှယဉ်သန်း[၁၂/ဥကတ(နိုင်)၀၈၇၈၂၁]၊ ဦးကျော်မြတ်ထွဋ်[၆/ကသန(နိုင်)၀၂၁၀၂၆]၊ ဦးဇော်ဖေ[၁၄/မမက(နိုင်)၀၁၁၁၀၄]၊ ဒေါ်ချိုချိုသန်း[၁၂/ဥကတ(နိုင်)၀၈၇၈၂၄]၊ ဦးကျော်သူ[၁၂/ဥကတ(နိုင်)၁၀၇၉၄၃]၊ ဦးဇေအောင်[၁၂/ဥကတ(နိုင်)၀၈၀၆၂၀]၊ ဒေါ်ငြိမ်းအေး[၁၂/ဥကတ(နိုင်)၀၈၇၈၁၈] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုရန်	၁၅-၁၀-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဦးညာဏ်မြင့်[၁၂/သဃက(နိုင်)၁၁၇၅၀၅]ဟု ပြင်ဆင် ဖတ်ရှုပါရန်။



ဝမ်းနည်းကြေကွဲခြင်း

ဦးချင်ရင်ထွန်း

အသက်(၉၀)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သိင်္ဂီလမ်းနေ ဦးမင်းအောင် (၉၉၉ စေတနာ အီလက်ထရွန်နစ်ပစ္စည်းရောင်းဝယ်ရေး)-ဒေါ်ကြူကြူအေးတို့၏ ဖခင်ကြီး ဦးချင်ရင်ထွန်း အသက်(၉၀)သည် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁း၅၀နာရီတွင် သျှင်ပါကွ အထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ခိုင်၊ ဦးသိန်းဝင်း၊ ဦးကျင်မောင်၊ ဦးထိန်မြင့်၊
ဦးဝင်းနိုင်၊ ဦးမောင်ကြီး၊ ဦးကိုကိုဌေး(သိမ်ကြီးဈေး၊ စီရု)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းနု(ကျောင်းအုပ်ကြီး၊ အမက-၁၅၊ ပြည်ကြီးတံခွန်မြို့နယ်)၏ ခင်ပွန်း ဗိုလ်ကြီးမေအောင်(ငြိမ်း)သည် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့)ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၁)ကျောင်းဆင်းအရာရှိများနှင့်
ဇနီးများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးညာဏ်

အသက် (၉၉)နှစ်

သတ္တဗေဒကျောင်းသား/သူဟောင်းများအသင်း၀င် ဦးဝင်းဦး-ဒေါ်ခွဲအေး ခိုင်(AB. Pharmacy မဂ်လာဈေး)တို့၏ ဖခင် ဦးညာဏ် အသက်(၉၉)နှစ်သည် ၁၇-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တက္ကသိုလ်သတ္တဗေဒ ကျောင်းသား/သူဟောင်းများ၏
လူမှုကူညီရေးစောင့်ရှောက်မှုအသင်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသန်းဇော်

အသက် (၅၈)နှစ်

ဆင်ဖြူကျွန်းမြို့၊ ပိုးအနောက်ရပ်နေ ဆီစက်ပိုင်ရှင်(ဦးထွေး)-ဒေါ်နုတို့၏ သားကြီး၊ မစောစောဌေး၏ ခင်ပွန်း၊ ကိုညာဏ်လင်းဆက်၊ မသန္တာနိုင်တို့၏ ဖခင်၊ ကိုသန်းမော်၏ အစ်ကို ဦးသန်းဇော်သည် ၁၉-၁၀-၂၀၁၃(စနေနေ့) နံနက် ၆း၄၅ နာရီတွင် ရန်ကုန်ဗဟိုရုံးဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးပြုံး-ဒေါ်မြင့်မြင့်သန်း
ရွှေဝေသောကုမ္ပဏီနှင့်ပွဲရုံ
C/၂ ရေတမာလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာတင်ထွဋ်-ဒေါက်တာသန်းသန်းအေး(ပါမောက္ခ/ဌာနမှူး၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်)တို့၏ဖခင်ဖြစ်သူ ဦးညာဏ် (၉၉)နှစ်သည် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ဗဟိုရုံးဆေးရုံ၌ ကွယ်လွန်သွားပါ သဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆေးပညာဌာနမိသားစု
ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းလှမောင်ကြီး

(စီးပွားရေးတက္ကသိုလ်)

အသက်(၆၆)နှစ်

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(ငြိမ်း)

ဒေါ်ခင်မာဆွေ၏ခင်ပွန်း ဦးသိန်းလှမောင်ကြီး အသက်(၆၆)နှစ်သည် ၂-၁၀-၂၀၁၃ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

၁၉၆၉/၇၀ ခုနှစ် စီးပွားရေးတက္ကသိုလ်ဝင်ခွင့်ရသူငယ်ချင်းများ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သစ္စာဥယျာဉ်အိမ်ရာ၊ စပေါင်းပိုင် အဆောက်အအုံတွင် တိုက်အမှတ် (Town House)၏ အခန်းအမှတ်(၀၀၄)ဟုခေါ်တွင်သောပေ(၂၂×၅၇)အကျယ်အဝန်းရှိ (၃-ထပ်)ပါ တိုက်ခန်းအပါအဝင် ၎င်း၃-ထပ်ပါတိုက်ခန်းနှင့်ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူရန်ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေအချို့တစ်ဝက်ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံတွင် ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုံးမောင်(ဘီအက်စ်စီ၊ဘီအယ်လ်)	**ဒေါ်ကေသီအုံး(LL.M)**
တရားလွှတ်တော်ရှေ့နေနှင့်နိုင်ငံတော်ပြုလစ်	**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၂၇)**
(စဉ်-၈၃၀)	**အမှတ်-၃၃/၄၉၊ အခန်းအမှတ်-၁၆၊**
အမှတ်(၃)၊ ၃၄လမ်းကျောက်တံတားမြို့နယ်၊	**ပထမထပ်၊ Strand Condo၊**
ရန်ကုန်မြို့။ ဖုန်း -၀၉-၅၀၁၂၉၈၂	**မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။**
၀၉ ၇၃၀၂၆၈၃၆	**ဖုန်း - ၀၉ ၅၀၀၇၂၆၄**

ohnassociates@gmail.com

သွေးသည် အသက်

ဘဝနတ်ထံပို့လွှတ်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ စန္ဒမဟာထေရ်

(မြို့နယ်ဩဝါဒါစရိယ)

သိက္ခာတော်(၆၃)ဝါ၊ သက်တော်(၈၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ မန်ကျည်းပင်ကျေးရွာ၊ စန္ဒာရာမမန်ကျည်းပင်ကျောင်းတိုက်၊ ပဓာနနာယကဆရာတော်၊ မြို့နယ်ဩဝါဒါစရိယ၊ လဋ်ပေသလ၊ သီလလဋ္ဌ သိက္ခာကာမဖြစ်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော် ဘဒ္ဒန္တ စန္ဒမဟာထေရ်မြတ်ကြီးသည် (၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်) ၁၈-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၂း၃၀နာရီ တွင် ဘဝနတ်ထံပို့လွှတ်တော်မူသွားပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ရုပ်ကလာပ်အား ထိန်းသိမ်းထားပါသည်။ (ဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ

ကျူမင်္ဂလာဗေးအသင်း

ဦးမြင့်သိန်း (၇၇)နှစ်

ကျူမင်္ဂလာဗေးအသင်းဝင်အမှတ်(၂၂၇)

ဝါးခယ်မမြို့နယ်ကျူမင်္ဂလာဗေးမြို့၊ မြို့မလယ်၊ အမှတ်(၂)နေ ဒေါ်ကျင်သန်း၏ ခင်ပွန်း၊ ကိုမြင့်အေး-မသန္တာသိန်း၊ မတင့်တင့်ဆွေ (ခ)မအေးဖြူ၊ မသူဇာသိန်းတို့၏ဖခင် ဦးမြင့်သိန်းသည် ၂၀-၁၀-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅း၄၀ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် မော်လမြိုင်ကျွန်းမြို့နယ် ကျိုးနှစ်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးကြောင်း အသင်းသူအသင်းသားများအား အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဦးသိန်းဝင်း(မြောင်းတကာ)(၆၂)နှစ်

အင်ဂျင်နီယာမှူး(ငြိမ်း)အင်ဂျင်နီယာထောက်ကူဌာန၊

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မှော်ရုံလမ်း၊ အမှတ် (၃၃)၊ ပထမထပ်နေ (ဦးဝင်းရှိန်-ဒေါ်ညို)တို့၏ သား၊ (ဦးစိန်ထွန်း-ဒေါ်ပို)တို့၏ သားသမက်၊ ဒေါ်ချိုလေး၏ ခင်ပွန်း၊ မောင်ညီနေဇာ(ခ)ကိုရွှေ၏ ဖခင်သည် ၂၀-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍၂၅-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးသိန်းဝင်း(မြောင်းတကာ) (၆၂)နှစ်

အင်ဂျင်နီယာမှူး(ငြိမ်း)အင်ဂျင်နီယာထောက်ကူဌာန၊

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ မှော်ရုံလမ်း၊ အမှတ် (၃၃)၊ ပထမထပ်နေ (ဦးဝင်းရှိန်-ဒေါ်ညို)တို့၏ သား၊ (ဦးစိန်ထွန်း-ဒေါ်ပို)တို့၏ သားသမက်၊ ဒေါ်ချိုလေး၏ ခင်ပွန်း၊ ဦးသန်းဝင်း-ဒေါ်ဌေးဌေးမြင့်တို့၏ ညီ၊ မောင်၊ ဦးရွှေဝင်း၊ ဦးသိန်းဝင်း-ဒေါ်ကျင်ရှိန်၊ ဦးဇော်ဝင်း-ဒေါ်ခင်ရှိန်၊ ဦးအောင်မြင့်သန်း-ဒေါ်ယဉ်ရှိန်၊ ဦးငွေဝင်း-ဒေါ်မလာထိုက်တို့၏ အစ်ကို၊ မောင်ညီနေဇာ(ခ)ကိုရွှေ၏ ဖခင်သည် ၂၀-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၂း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ် ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော် နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယကာ

ဒေါက်တာဇော်မြင့် (၇၇)နှစ်

အင်းစိန်မြို့နယ်၊ အမှတ်(၅၁၉)၊ အဝေရလမ်း၊ နှံ့သာကုန်းနေ ဒေါက်တာ အောင်မြင့်-ဒေါ်အေးအေးမွတ်တို့၏ ချစ်လှစွာသော သားကြီး၊ ကမာရွတ်မြို့နယ်နေ ဦးကိုကြီး-(ဒေါ်စန်းရီ)တို့၏သားသမက်၊ ဒေါ်တာသိင်္ဂီကြီး(ဝိတိုရီယာဆေးရုံ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းထွဋ်-ဒေါ်သီတာမြင့် ဒေါက်တာကျော်မြင့်-ဒေါ်ယဉ်ယဉ်ဆွေတို့၏အစ်ကိုကြီး၊ မောင်ဇစ်တာမင်းထွဋ်၏ချစ်လှစွာသောဖခင်ကြီး၊ မေမြင့်မြင့်မြတ်(ဘဏ်ဟန်စ်ဆေး-၁)၊ ဆရာမည်မြင့်မြတ်(ဆည်မဟာ အထက-၂ ကမာရွတ်)တို့၏ကျေးဇူးရှင်ဖခင်ကြီးသည် ၉-၁၀-၂၀၁၃ ရက် ဒေသစံတော်ချိန် နံနက် ၁၀း၀၄ နာရီတွင် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ Medanta the Medicity Hospital ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာမကြီး

ဒေါ်တင်ရွှေ (၈၃)နှစ်

(ဒါနာ၊ ကျောင်းစု)

ရန်ကုန်မြို့၊ ဝမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ပန်းတနော်လမ်း၊ အမှတ်(၁၂-B)နေ (ဦးမောင်လေး-ဒေါ်မယ်မြ)တို့၏ သမီး၊ (ဦးစံရုံ-ဒေါ်တင်မေ မေ)တို့၏ ညီမ၊ ဦးတင်ထွဋ် (EPD)ဒေါ်ခင်ဇော်ဦး(MPPE၊ နေပြည်တော်)၊ ဦးမြင့်အောင်-ဒေါ်စိန်နုလေး၊ ဦးလှငွေ-ဒေါ်ဝင်းဝင်းအေး၊ ဦးကျော်မင်း-ဒေါ်ဆွေဆွေမြင့် (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်)တို့၏အဒေါ်၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၉-၁၀-၂၀၁၃ (စနေနေ့) ညနေ ၆း၂၀ နာရီတွင် အရှုတော်ဝင် ကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းသိမ်းကျောင်းဒါယကာမ

ဒေါ်ခင်ခင်ကြီး (၇၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ တိုက်-၂၁၈၊ အခန်း-၁၇ နေ (ဗိုလ်မှူးသန်းလွင်-ငြိမ်း-ရေ)၏ ဇနီး၊ ဦးသန်းထူး-ဒေါ်စီစီတင်၊ ဦးနန္ဒော-ဘာသာ (ဦးဆန်းထူး)-ဒေါ်တင်တင်အေး၊ ဦးစိုး မြင့်-ဒေါ်စုစုမာ တို့၏ အစ်မကြီး၊ ဦးလွင်မော်ဦး-ဒေါ်ခိုင်ခိုင်ထူး (Rosana Floral)၊ ဒေါ်ခင်မေမီလွင် (အမက-၃၊ မူ လွန်၊ ဗဟန်း) တို့၏ မိခင်၊ မခိုင်ဇင်သက်ထားဘို၊ မည့္ဆုန်း သစ္စာလွင်(အမက-၃၊ ဗဟန်း) တို့၏ အဘွားသည် ၂၁-၁၀-၂၀၁၃ရက် နံနက် ၇း၁၅နာရီတွင် တိုက်-၂၀၅၊ အခန်း-၂၂ ရန်ကင်း နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ ရက် ညနေ ၄ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်တင်စိန်(သိမ်ချောင်း) (၇၇)နှစ်

(အမှတ်-၁၊ အပ်ချုပ်စက်ရုံ၊ ကံဘဲ့-ငြိမ်း)

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြစ်မဲ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၂၃)၊ ရှစ်လွှာနေ (ဦးလှအောင်-ဒေါ်သင်လှ)တို့၏ သမီး၊ (ဦးခင်အေး)၏ ဇနီး၊ (ဦးသိန်းဖေ)-ဒေါ်ခင်လှ၊ (ဦးစောလှိုင်)-ဒေါ်ခင်စိန်၊ (ဦးမောင်သွင်-ဒေါ်တင်ညွန့်)တို့၏ညီမ၊ (ဦးအောင်ခင်-ဒေါ်စန်းကျင်)၊ ဦးအောင်ခင်-ဒေါ်ဝင်းမေ၊ ဦးသိန်းထွေး-(ဒေါ်မြင့်မြင့်သော်)၊ ဦးသန်းထွေး-ဒေါ်စုစုတို့၏ အစ်မ၊ (ဦးစံဝင်းမြင့်)၊ ဦးဝင်းမြင့် (ရတနာမြိုင်ဆောက်လုပ်ရေး)-ဒေါ်ခင်စန်းနွယ်၊ ဒေါ်အေးအေးဝင်း(အထက-၁၊ ပန်းဘဲတန်း)၊ ဦးကျော်ကြီးမောင်-ဒေါ်အေးအေးခိုင်၊ ဦးအေးပိုင်-ဒေါ်ရီရီမြင့် (USA)၊ ဦးဟန်သိန်း BOSUN(F.G)-ဒေါ်သက်သက်ခိုင်တို့၏မိခင်၊ မြေးခုနစ် ယောက်တို့၏အဘွားသည် ၁၉-၁၀-၂၀၁၃(စနေနေ့) ည ၈း၄၅ နာရီတွင် အရှုတော်ဝင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့)နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းကျောင်းဒါယကာမကြီး

ဒေါ်ရွှေအုန်း(၇၂)နှစ်

(မုံရွာ)

[ပို့ဆောင်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း (ဦးလှမြင့်-ဒေါ်မြို့သွယ်)]တို့၏ မိခင်၊ မောင်ဘုန်းမြိုရ်-မစုသက်အေး၊ မဝတ်ရည်မြင့်သွယ်၊ မောင်စိုးပြည့်စုံတို့၏အဘွားသည် ၂၀-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁း၂၅ နာရီတွင် အမှတ်(၃) အောင်မင်းခေါင် ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁၀-၂၀၁၃(စနေနေ့) နံနက် ပိုင်းတွင် အမှတ် (၃)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ရန်ကုန်မြို့ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ် (၇၃) တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးဦးခိုင်-ဒေါ်အုန်းကြူ)တို့၏သား၊ (ဦးစိန်-ဒေါ်စောညွန့်)တို့၏ သားသမက်၊ ဒေါ်တင်တင်စိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်လှဝင်း-ဗိုလ်မှူးကြီး ချောချောခိုင်၊ ဗိုလ်မှူးကြီးသူရ ခင်မောင်ဝင်း(ငြိမ်း)၊ ဒေါ်ခက်ခက်ခိုင်၊ ဦးကံလှတင်ထွန်း-ဒေါ်စန္ဒီဆွေ၊ (ဇေယျာတင်ထွန်း)၊ ဦးမျိုးမင်းတင်ထွန်း-ဒေါ်တင်တင်မိုး၊ ဦးကျော်ဇောအောင်-ဒေါ်ကေကလျာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်မင်းသက်တင်ထွန်း၊ မောင်အောင်ဇေယျာတင်ထွန်း၊ မရွှေပန်းချီ၊ မရွှေသုမ္မိ၊ မရွှေရည်ရွှန်းမျိုးမင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) ည ၈း၃၀ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

မဟာသရေစည်သူဒုတိယဗိုလ်ချုပ်ကြီးတင်ထွန်း(ငြိမ်း)

ဒုတိယဝန်ကြီးချုပ်(ငြိမ်း)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)(ငြိမ်း)

လေ-၁၁၂၇

အသက်(၈၄)နှစ်

